# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# (၂၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်

## (၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)

## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၃၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၈.၂၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၄-၇-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ် ခွင့် ၁ ရက်၊

(၂) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၃) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၄) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၅) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၁ ရက်၊

(၆) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၁ ရက်၊

(၇) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၈) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ခွင့် ၁ ရက်၊

(၉) ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် ခွင့် ၁ ရက်၊

(၁၀) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၁ ရက်၊

(၁၁) ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော် ခွင့် ၁ ရက်၊

(၁၂) ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၁ ရက်၊

(၁၃) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၁ ရက်၊

(၁၄) မိုးညှိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၁၅) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၁ ရက်၊

(၁၆) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၁ ရက်၊

(၁၇) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၁၈) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

(၁၉) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၁ ရက်၊

(၂၀) ငါးန်ဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၁ ရက်၊

(၂၁) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၂၂) မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း ခွင့် ၁ ရက်၊

(၂၃) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၂၄) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၂၅) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၂၆) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၁ ရက်၊

(၂၇) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၁ ရက်၊

(၂၈) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်၊

(၂၉) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၃၀) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၃၁) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၃၂) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁ ရက်၊

(၃၃) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၁ ရက်၊

(၃၄) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၃၅) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၃၆) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၃၇) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၃၈) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၃၉) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၄၀) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၄၁) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၁ ရက်၊

(၄၂) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၄၃) ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် ခွင့် ၁ ရက်၊

(၄၄) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၄၅) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၁ ရက်၊

(၄၆) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၄၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၄ ရက်၊

(၄၈) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင် ခွင့် ၁ ရက်၊

(၄၉) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁ ရက်နှင့်

(၅၀) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၁ ရက် တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးအား ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၉၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**လွိုင်လင်၊ ပင်လုံဒေသရှိ GSM မိုဘိုင်းတယ်လီဖုန်းလိုင်းများ၊ တာဝါတိုင်များ တိုးချဲ့တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့တွင် ပင်လုံဒေသအတွက် အော်တိုအိတ်ချိန်းစက်တစ်လုံး တပ်ဆင်ပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ပင်လုံဒေသမှာ နေထိုင်ကြတဲ့ မိဘပြည်သူများအတွက် ယခင်ရှိပြီး အော်တိုတယ်လီဖုန်းများနှင့်အတူ တိုးချဲ့အော်တိုတယ်လီဖုန်းများကို သုံးစွဲခွင့်ရရှိတော့မှာဖြစ်ပါတယ်။ လွိုင်လင်၊ ပင်လုံဒေသမှာနေထိုင်ကြတဲ့ မိဘပြည်သူများမှ သိလိုသည်များကို ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ မေးမြန်းပါမည်ခင်ဗျား။

(၁) လွိုင်လင်၊ ပင်လုံဒေသရှိ အော်တိုတယ်လီဖုန်းလိုင်းများ Internet ချိတ်ဆက်အသုံးပြုခွင့် ရ/မရသိလိုပါတယ်။ (၂) ပင်လုံအော်တိုတယ်လီဖုန်းလိုင်းများအား GSM ဖုန်းများကဲ့သို့ သက်သာ

သည့်နှုန်းထားများနှင့် တပ်ဆင်အသုံးပြုခွင့်အစီအစဉ်ကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ (၃) ထို့အတူ လွိုင်လင် Auto Telephone Exchange မှ တိုးချဲ့၍ အော်တိုတယ်လီဖုန်းများအား သက်သာတဲ့နှုန်းထားများနဲ့ တပ်ဆင်အသုံးပြုခွင့်ကို မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုပါတယ်။ (၄) လွိုင်လင်၊ ပင်လုံဒေသမှ GSM မိုဘိုင်းဖုန်းလိုင်းများ၊ တာဝါတိုင်များ တိုးချဲ့တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိကို မိဘပြည်သူများမှ သိရှိလိုပါသဖြင့် ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း လေးစားစွာဖြင့် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီရဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်၊ ပင်လုံဒေသမှာရှိတဲ့ အော်တိုတယ်လီဖုန်းများနှင့် အင်တာနက်ချိတ်ဆက် အသုံးပြုခွင့်ရ/မရသိလိုခြင်း၊ ပင်လုံဒေသအော်တိုတယ်လီဖုန်းများကို (GSM Phone များကဲ့သို့) သက်သာတဲ့နှုန်းထားများနှင့် မည်သည့်ကာလမှာ တပ်ဆင်အသုံးပြုခွင့် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းနှင့် လွိုင်လင်အော်တိုတယ်လီဖုန်းအိတ်ချိန်းမှ တိုးချဲ့ပြီးတော့ အော်တိုတယ်လီဖုန်းများကို သက်သာတဲ့နှုန်းထားများနှင့် တပ်ဆင်အသုံးပြုခွင့်ကို မည်သို့ဆောင်ရွက်ပေးမည်နှင့် လွိုင်လင်/ပင်လုံဒေသမှ GSM Mobile Phone လိုင်းများ၊ တာဝါတိုင်များတိုးချဲ့တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိတို့သိလိုခြင်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပထမမေးခွန်းအနေနဲ့ ကျွန်တော်တို့ မကြာခင်ကပဲ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကနေပြီးတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်မှာ လိုင်းအင်အား ၅၀၀ ပါ KY-1000XM အော်တိုအိတ်ချိန်းတစ်ခုနှင့် ပင်လုံမြို့နယ်ခွဲမှာ လိုင်းအင်အား ၅၀၀ ပါ TWD-06 အော်တိုအိတ်ချိန်းတစ်ခုကို တည်ဆောက်တပ်ဆင်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါမှာ လွိုင်လင်ခရိုင်၊ လွိုင်လင်

မြို့နယ် အော်တိုအိတ်ချိန်းမှာ ADSL စနစ် တပ်ဆင်ရေးအတွက် စီစဉ်ဆောင်ရွက်တဲ့အခါမှာ Transmission ရောက်ရှိပြီးဖြစ်ပါတယ်။ ပစ္စည်းများကို ကျွန်တော်တို့ စတင်ပို့နေပါပြီ။ ဒါနဲ့ပတ်သက်ပြီးတော့ ADSL 24 ဗို့ တပ်ဆင်ပေးပါမယ်။ 24 ဗို့ ဒီပစ္စည်းတွေကို၊ စက်ပစ္စည်းတွေကိုပေးပို့ဖို့ ဆောင်ရွက်လျက်ရှိရာမှာ ဒီလအတွင်းမှာ ရောက်ရှိပြီးတော့ ဇူလိုင်လကုန်မှာ အပြီးတပ်ဆင်ပေးဖို့ စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ပထမမေးခွန်းအနေနဲ့ ဖြေကြားအပ်ပါတယ်။ နောက်ဒုတိယအချက်အနေနဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများအနေနဲ့ တယ်လီဖုန်းများကို ဈေးနှုန်းသက်သာစွာနဲ့အသုံးပြုနိုင်ရန်အတွက် ကနဦးတပ်ဆင်ခများကို အဆင့်ဆင့်လျှော့ချပြီး ရောင်းချပေးခဲ့ပါတယ်။ လွိုင်လင်မှာ တယ်လီဖုန်းအော်တိုအိတ်ချိန်းတပ်ဆင်ပြီးတာလည်း မကြာသေးပါဘူး။ အဲ့ဒီတော့ ဖုန်းသက်သာဖို့အတွက် တင်ပြလာတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ တစ်နိုင်ငံလုံးအနေအထားနဲ့ နောင်တပ်ဆင်မယ့် အော်တိုတယ်လီဖုန်းတွေကို သက်သာတဲ့ဈေးနှုန်းလျှော့ချဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဈေးနှုန်းဘယ်လောက်နဲ့ ဘယ်ကာလမှာ တပ်ဆင်ပေးမယ်ကို ပြည်သူတွေကို ပွင့်ပွင့်လင်းလင်း မြင်မြင်သာသာဖြစ်အောင် သတင်းစာများကနေပြီးတော့ ထုတ်ပြန်ကြေညာပေးသွားပါ့မယ်။ ဈေးလျှော့ဖို့လည်း တွက်ချက်စီစဉ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

နောက်မေးခွန်းတစ်ခုအနေနဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လွိုင်လင်မြို့နယ်နဲ့ ပင်လုံမြို့နယ်ခွဲတို့မှာ GSM ရေဒီယိုစခန်းတစ်ခု တည်ဆောက်တပ်ဆင်ထားရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကနေပြီးတော့ ဆောင်ရွက်လျက်ရှိတဲ့ မိုဘိုင်းတယ်လီဖုန်း (လိုင်းအသစ်တစ်သန်းနှင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းသုံးသန်း) တိုးချဲ့တပ်ဆင်ရေးစီမံကိန်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ရေဒီယိုစခန်း ၁၀ ခု တည်ဆောက်တပ်ဆင်ရန် လျာထားဆောင်ရွက်လျက်ရှိတဲ့အခါမှာ လွိုင်လင်မြို့နှင့် ပင်လုံမြို့နယ်ခွဲတို့မှာ တိုးချဲ့တပ်ဆင်ရန်အတွက် မူလလျာထားချက်မှာပါဝင်ခြင်းမရှိသော်လည်း လွိုင်လင်မြို့နယ်၊ မိုင်းပွန်ကျေးရွာမှာ GSM ရေဒီယိုစခန်းအသစ်တစ်ခု တည်ဆောက်လျက်ရှိနေပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ ပြည်ပကုမ္ပဏီတစ်ခုကနေလည်း လွိုင်လင်မြို့နယ်မှာ တာဝါတိုင်လေးတိုင်စိုက်ထူဖို့ လျာထားဆောင်ရွက်ထားတာ တင်ပြထားတာရှိပါတယ်။ ဒီလေးတိုင်နဲ့ပတ်သက်ပြီးတော့လည်း တာဝါတိုင်တစ်တိုင်ကိုတော့ မြေနေရာရွေးချယ်ပြီးဖြစ်ပါကြောင်းနှင့် တာဝါတိုင်သုံးတိုင်အတွက်လည်း မြေနေရာများ ဆက်လက်ကွင်းဆင်းရွေးချယ်ဆဲဖြစ်တဲ့အတွက် နောင်ကာလမှာ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့နယ်ခွဲတို့မှာ တာဝါတိုင်များ တိုးချဲ့ရောက်ရှိလာမှာဖြစ်ကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ကန်ကြီးထောင့်မြို့နယ်၊ ဝက်ထိုးအခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ဝင်း၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဝင်း(ကန်ကြီးထောင့်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းဖြစ်ပါတယ်။ ကျွန်တော်၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ကန်ကြီးထောင့်မြို့နယ်၊ ဝက်ထိုးအခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ပေးရန်မေးခွန်းနဲ့ပတ်သက်လို့ ပညာရေးဝန်ကြီးဌာနမှ စာအမှတ်၊ ဌာနခွဲ/၁-ခ/၃၉၅၉/ကျောင်းတိုး (၂၀၁၄)၊ ရက်စွဲ ၂၀၁၄ ခုနှစ်၊ ဇွန် ၅ ရက်နေ့စွဲဖြင့် အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးပေးကြောင်း သိရှိရပါတယ်။ ၉-၇-၂၀၁၄ ရက်နေ့မှာ ကျောင်းဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်အပ်ပွဲကိုလည်း ပြုလုပ်မှာဖြစ်ပြီး ဧရာဝတီတိုင်းဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ကြွရောက်ချီးမြှင့်ပေးမယ်လို့လည်းသိရှိရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်၏မေးခွန်းကို ပြန်လည်ရုပ်သိမ်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပညာရေးဝန်ကြီးဌာနကို လွန်စွာကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖြေစရာမလိုတော့ဘူး။

**မိုင်းယန်းပြည်သူ့ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန်များ ခန့်ထားပေးရန်နှင့် ဝန်ထမ်းများအတွက် ခြောက်ခန်းတွဲအိမ်ရာတစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်ဝင်း၊ မိုင်းယန်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဝင်း(မိုင်းယန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းယန်း ပြည်သူ့ဆေးရုံကြီးတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်များ ခန့်ထားပေးရေးအစီအစဉ်နဲ့ ပြည်သူ့

ဆေးရုံဝန်ထမ်းများအတွက် ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ပေးရေးနဲ့ပတ်သက် ၍မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းယန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးဟာ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံကြီးဖြစ်ပြီး မြို့နယ်ဆရာဝန်ကြီးတစ်ဦး၊ လက်ထောက်ဆရာဝန်သုံးဦးအား ဖွဲ့စည်းပုံအရ ခန့်ထားခွင့်ပြုထားပါသော်လည်း မြို့နယ်ဆရာဝန် ကြီးတစ်ဦးသာရှိပြီး ယနေ့ထိတိုင် လက်ထောက်ဆရာဝန်တစ်ဦးမျှ ခန့်ထားပေးခြင်းမရှိသည့်အတွက် မြို့နယ်ဆရာဝန်ကြီးတစ်ဦးတည်းအနေဖြင့်သာ နေ့ရောညပါ လူနာများကို ကြည့်ရှုပေးနေရပါတယ်။ မြို့နယ်ဆရာဝန်ကြီးအနေဖြင့်လည်း တာဝန်အရ အစည်းအဝေးတက်ရောက်ခြင်း၊ သင်တန်းများ တက်ရောက်သည့်အခါတွင် မိုင်းယန်းပြည်သူ့ဆေးရုံကြီးတွင် ဆရာဝန်တစ်ဦးမျှ မရှိသည့်အတွက် လူနာများအနေဖြင့် အခက်အခဲများစွာဖြင့် ကြုံတွေ့နေကြရပါတယ်။ ထို့အပြင် မိုင်းယန်းပြည်သူ့ဆေးရုံ ကြီးဝင်းအတွင်းတွင်လည်း ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် မြေအသင့်ရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို ရိုသေစွာမေးမြန်း အပ်ပါတယ်။ (၁) မိုင်းယန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် လစ်လပ်လျက်ရှိသော လက်ထောက် ဆရာဝန်များအား ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သို့ဆောင်ရွက်ပေးနိုင်မည်၊ (၂) ပြည်သူ့ဆေးရုံ ဝန်ထမ်းများအတွက် ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာတစ်လုံးအား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကိုလည်း သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဘားအံမြို့နယ်၊ ဖားကပ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ ဘားအံမြို့နယ်၊ ဖားကပ်ကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတစ်ခုတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်ရှင်။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ကရင်ပြည်နယ်၊ ဘားအံ မြို့နယ် သံလွင်မြစ်ရဲ့အနောက်ဘက်ခြမ်း ဖားကပ်ကျေးရွာဟာ ကျေးရွာပေါင်းငါးရွာရှိပြီးတော့ အိမ်ခြေ

ပေါင်း ၇၆၆ အိမ်ရှိပါတယ်။ လူဦးရေအားဖြင့် ၄၇၉၀ ဦးရှိပါတယ်။ ဒီကျေးရွာလေးဟာ ကျေးရွာအုပ်စုကြီးတစ်ခုဖြစ်တဲ့အပြင် ၁၉၉၃-၁၉၉၄ ခုနှစ်နောက်ပိုင်းမှာ သံလွင်တံတားတည်ဆောက်ရာမှာလည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ် တည်ဆောက်ရာမှာလည်းကောင်း မိမိတို့ရဲ့ နေအိမ်များပြောင်းရွှေ့ရတာ၊ လယ်ယာမြေသိမ်းဆည်းခံရတာနဲ့ ဥယျာဉ်ခြံမြေများ သိမ်းဆည်းခံရတာနဲ့ကြုံခဲ့ရပါတယ်။ ထိုကဲ့သို့ အကြိမ်ကြိမ်နစ်နာဆုံးရှုံးရပေမယ့် မိမိတို့ရဲ့ကျေးရွာအတွက် ကျေးလက်ဆေးပေးခန်းဌာနခွဲဟာ ယနေ့ထက်တိုင်မရှိတာကို သိရှိရပါတယ်။ မိမိတို့ရဲ့ ကျေးလက်ဆေးပေးခန်းကို ယခုလက်ရှိကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှာတွဲပြီးတော့ ထားရှိရတာကို ကျွန်မလည်း ပြီးခဲ့တဲ့လွှတ်တော်ပြီးဆုံးတဲ့အချိန် အဲ့ဒီရွာကိုရောက်မှ ကျွန်မသိရပါတယ်။ အမှန်တော့ ဒီဖားကပ်ရွာလေးဟာ ကျွန်မရဲ့ဘားအံမြို့နဲ့ကပ်နေပါတယ်။ ကျွန်မလည်း အမှတ်တမဲ့နေသွားတာ ဖြစ်ပါတယ်ရှင်။

ဒါကြောင့်မို့လို့ ဒီဆေးပေးခန်းကို တည်ဆောက်ပေးနိုင်ဖို့အတွက်ဆိုပြီးတော့ လှူဒါန်းခဲ့တဲ့အလှူရှင်ကလည်းပဲ သူ့ရဲ့မြေကိုလှူထားခဲ့တာ နှစ်ပေါင်း ၂၀ ကျော်ပြီဖြစ်ပါတယ်။ မြေအလှူရှင်ကနေပြီးတော့ ဒီနှစ်ပေါင်း ၂၀ ကျော် လှူဒါန်းပြီးဖြစ်တဲ့ ဒီမြေကွက်က လန (၃၉) မှတ်ပုံတင်လည်းကျပြီးသားဖြစ်ပါတယ်။ ဒါ့ကြောင့် တကယ်လို့များ ကျန်းမာရေးဌာနအနေနဲ့ ဒီဆေးပေးခန်းဌာနခွဲလေးတစ်ခုဆောက်ပေးဖို့ အစီအစဉ်မရှိဘူးဆိုရင် ဒီမြေကို ပြန်လည်ရယူလိုပါကြောင်း တင်ပြလာတဲ့အတွက်ကြောင့် ဖားကပ်ကျေးရွာသူရွာသားများရဲ့ဆန္ဒအရ ကျန်းမာရေးဆေးပေးခန်းဌာနခွဲတစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံရှိ ဆရာဝန်နေအိမ်ဟောင်းအား ပြုပြင်ပေးရန်နှင့် အိမ်သစ်ဆောက်လုပ်ပေးရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးပိုက်လင်း၊ ပလက်ဝမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပိုက်လင်း(ပလက်ဝမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့အားလုံးကို လေးစားစွာဖြင့် မိတ်ဆက်ဂါရဝပြုပါတယ်။ ယနေ့ ကျွန်တော့်မေးခွန်းကို ဖတ်ကြားတင်ပြခွင့်ပြုပါ။ ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆရာဝန်နေအိမ်ကို ၁၉၆၄ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ယင်းအိမ်သည် ဟောင်းနွမ်းပျက်စီးနေ၍ မိုးကာ တာပေါ်လင်မိုးပြီး ဆေးရုံအလုပ်သမားဝန်ထမ်းများကို နေစေပါတယ်။ ယခုအခါ ဆရာဝန်သည် ၁၉၇၀ ခုနှစ်ကတည်းက ဆေးရုံရန်ပုံငွေ အလှူငွေဖြင့်

ဆောက်လုပ်ထားတဲ့ တည်းခိုဆောင်မှာနေရပါတယ်။ သို့ဖြစ်ပါ၍ ဆရာဝန်နေအိမ်ဟောင်း ပြုပြင်ရန်နှင့် ဆရာဝန်အိမ်သစ်ဆောက်လုပ်ပေးပါရန် ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေဖြင့် ထည့်သွင်းစဉ်းစားပေးရန် အစီအစဉ်ရှိ/မရှိ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်သုံးဦးရဲ့ မေးမြန်းချက်များကို တစ်ဆက်တစ်စပ်တည်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ရှမ်းပြည်နယ်၊ မိုင်းယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းရဲ့မေးခွန်းကို ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းယန်းမြို့နယ်ဆေးရုံကြီးမှာ ကိုယ်စားလှယ်တော်ကြီးပြောတဲ့အတိုင်းပဲ TMO တစ်ယောက်ပဲ လက်ရှိ ရှိနေတယ်ဆိုတာ မှန်ပါတယ်။ ဒီ TMO ကလည်း ကျွန်တော်တို့ သင်တန်းတက်တဲ့အတွက် Relieving ထားရတဲ့ TMO ဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော်တို့အနေနဲ့ ယခုကျိုင်းတုံမှာရှိတဲ့ တွဲဖက်ပြည်နယ် ဦးစီးဌာနမှူးကို ကျိုင်းတုံကနေပြီးတော့ Relieving တစ်ယောက်ထပ်ထည့်ပေးဖို့လည်း ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ မတိုင်မီ ခန့်ထားပေးမယ်ဆိုတာလည်း ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ လက်ရှိဆရာဝန်ခန့်ထားတဲ့ မူလေးနဲ့ ပြည်နယ်တွေမှာ လုံလောက်အောင်ဘယ်လိုလုပ်မလဲဆိုတာ ပြောင်းလဲလာတဲ့ ဆရာဝန်များ ခန့်ထားရေးမူအသစ်ကလေးတွေကို လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ အနည်းငယ်တင်ပြလိုပါတယ်။ ဒါကမူအသစ်ပြောင်းတာဖြစ်တဲ့အတွက် ဖြစ်ပါတယ်။

ယခင်က ဆရာဝန်တွေကို ကျန်းမာရေးဝန်ကြီးဌာနက တိုက်ရိုက်ခန့်ထားခြင်းမရှိဘဲနဲ့ ဆရာဝန်များလစ်လပ်ချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြတဲ့အခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့နှင့်တိုင်ပင်ပြီးတော့ ခန့်ထားခွင့်ပြုတဲ့ ဆရာဝန်အရေအတွက် သတ်မှတ်ပါတယ်။ ဒီသတ်မှတ်ချက်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က စာမေးပွဲခေါ်တယ်။ စစ်ဆေးတယ်။ ရေးဖြေ/နှုတ်ဖြေစစ်ဆေးပြီးတော့ ရွေးချယ်တယ်။ ရွေးချယ်တဲ့သူတွေကို အောင်မြင်တဲ့အခါမှာ ဖောင်ကြီးနဲ့ဇီးပင်ကြီးမှာရှိတဲ့ ဝန်ထမ်းသင်တန်း

များကို တတ်ပြီးတော့ အဲ့ဒီကနေ အောင်မြင်လာတဲ့သူတွေကို ကျန်းမာရေးဝန်ကြီးဌာနကို လွှဲအပ်တဲ့ အခါမှာ ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ခွဲဝေနေရာချထားပေးခြင်းဖြစ်ပါတယ်။ ဒီမူနဲ့ ကျွန်တော်တို့ ယခင်ကကျင့်သုံးခဲ့တာဖြစ်ပါတယ်။ ဒီမူအတိုင်းပဲ ကျွန်တော်တို့ လက်ရှိအစိုးရလက်ထက်မှာ ဆရာဝန် ခန့်ခဲ့တာ ၃၅၀၀ ရှိသွားပြီဖြစ်ပါတယ်။ ပြန်တမ်းဝင်အရာရှိ ဆရာဝန် ၃၅၀၀ ထဲကနောက်ဆုံးအသုတ် ၁၁၅၅ ယောက်က ပြီးခဲ့တဲ့အပတ်ကပဲ ဖောင်ကြီးသင်တန်း၊ ဇီးပင်ကြီးသင်တန်းဆင်းပြီးဖြစ်ပါတယ်။ အဲ့ဒီအသုတ်တွေကိုလည်း ပြည်နယ်နဲ့တိုင်းဒေသကြီးတွေကို ကျွန်တော်တို့ စတင်ဖြန့်ဝေနေပြီဖြစ်ပါ တယ်။

အဲ့ဒီတော့ ပြည်နယ်နဲ့တိုင်းဒေသကြီးဆေးရုံကြီး၊ ဗဟိုအဆင့်ဆေးရုံကြီးတွေကို ၁၁၅၅ ယောက် ဖြန့်လိုက်တယ်။ အဲ့ဒီမှာ နဂိုရောက်နေတဲ့ဆရာဝန်တွေကို ခရိုင်အဆင့်၊ ခရိုင်အဆင့်ကနေပြီး မြို့နယ် အဆင့် တစ်ဆင့်ပြီးတစ်ဆင့် Training သဘောအရ ဒီဆေးရုံကြီးတွေကနေ ဆေးရုံလတ်၊ ဆေးရုံလတ် ကနေ ဆေးရုံငယ် ဒီလိုဖြန့်ချပေးသွားတဲ့အခါမှာ မိုင်းယန်းဆေးရုံကိုလည်း မကြာမီရောက်ရှိလိမ့် မယ်လို့လည်း ကျွန်တော်တို့အနေနဲ့ ဒီဟာယုံကြည်ပါတယ်။ ကျွန်တော်တို့ ဒီဟာကိုလည်း ဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။ နောက်တစ်ခုပြောင်းလဲသွားတဲ့မူအရမှာ ဒီလိုခန့်ထားတဲ့ကြားထဲက သုံးနှစ် အတွင်း ၃၅၀၀ ခန့်ထားတဲ့အခါမှာ ကျွန်တော်တို့စခါစမှာ အဓိကဆောင်ရွက်ရတာ သုံးခုရှိပါတယ်။ လက်ရှိ အစိုးရတက်တဲ့အချိန်မှာ ပြီးခဲ့တဲ့သုံးနှစ်စာ Batch Lot ရှိပါတယ်။ သုံးသန်းအောင်ထားတာ ဆရာဝန်မခန့်ရသေးတဲ့ 3 Batches ရှိပါတယ်။ နှစ်စဉ်ခန့်ထားဖို့ရယ်၊ လိုအပ်တဲ့ Vacancy တွေ ပြည့်ဖို့ရယ်ကို ဆောင်ရွက်တဲ့အခါမှာ အခုချိန်မှာ Batch Lot မရှိတော့ပါဘူး။ မနှစ်ကအောင်တဲ့ သူဟာ မနှစ်ကပဲစာမေးပွဲဖြေပြီးတော့ ဒီနှစ်အလုပ်ရပါတယ်။ အခုလည်း မကြာခင်မှာ ကျွန်တော်တို့ ဒီနေ့ပြီးခဲ့တဲ့ရက်ပိုင်းများကပဲ စစ်ကိုင်းတိုင်းဒေသကြီး ကြော်ငြာတွေ့မှာပါ။ ဒီ February, March မှာ အောင်ပြီးလို့ အလုပ်သင်ဆရာဝန်ပြီးသွားလို့ ဘွဲ့နှင်းသဘင်ကျင်းပပြီးသွားလို့ ဆ/မရသွားတဲ့ လူတွေကို ဒါစတင်ပြီးတော့ခေါ်တာဖြစ်ပါတယ်။ Batch Lot ကတော့ အကုန်လုံး ကျွန်တော်တို့က ကုန်သွားပါပြီ။ ဒီနှစ်အောင်တဲ့သူ ဒီနှစ်အတွင်း၊ တစ်နှစ်အတွင်းအောင်ပြီးတော့ အလုပ်သင်ဆရာဝန်ပြီး ဆ/မရပြီးပြီဆိုရင် တစ်နှစ်အတွင်းခန့်နိုင်ဖို့ကို အကြီးအကဲများရဲ့လမ်းညွှန်ချက် အရ ကျွန်တော်တို့ ဆောင်ရွက်ပေးဖို့ ဒီဟာတော့ အောင်မြင်သွားပြီဖြစ်ပါတယ်။

နောက်တစ်ဆင့်ကတော့ ကျွန်တော်တို့က ပြည်နယ်နှင့်တိုင်းဒေသကြီး လိုအပ်ချက်တွေကို ကျွန်တော်တို့က ဒီဗဟိုအဆင့်ကကြီးပဲ၊ ပြည်ထောင်စုအဆင့်ကကြီးပဲခန့်ထားတာ မဟုတ်ဘဲနဲ့ အခု

ချိန်မှာ ရွေးချယ်တဲ့စနစ်ပြောင်းပါတယ်။ တင်ပြခဲ့တဲ့ မူလစနစ်ကနေပြီးတော့ အခုအချိန်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာ လိုအပ်ချက်များကို ပြည်နယ်နှင့်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးများက ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာနကိုကော၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကောတင်ပြပါတယ်။ ဒီလိုအပ်ချက်ကို ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ညှိနှိုင်းပါတယ်။ စာရင်းဇယား တိုက်ဆိုင်စစ်ဆေးပါတယ်။ တစ်ခါတလေကျရင် နည်းနည်းလေးလွဲချော်တာလေးတွေလည်း ကျွန်တော်တို့ ပြန်ပြင်ရပါတယ်။ စံကိုက်ဖွဲ့စည်းပုံဟုတ်တာ/မဟုတ်တာ ဒါလေးတွေလွဲတာလေးတွေ။ အဲ့ဒီတော့ တကယ့်လိုအပ်ချက် သေချာပြီဆိုလို့ရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီးတော့ သက်ဆိုင်ရာပြည်နယ်၌ ခွင့်ပြုတယ်ဆိုရင် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးများက သတင်းစာထဲမှာ ကြော်ငြာခေါ်ရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးက စခေါ်တာကိုတွေ့ပါလိမ့်မယ်။ အဲ့ဒါ ၂၁၅ ယောက်မှာ ကျွန်တော်တို့က ပြီးခဲ့တဲ့အပတ်ကပဲ သင်တန်းဆင်းသွားတဲ့လူ ၁၁၂ ယောက်၊ ၁၁၃ ယောက်ခန့်လိုက်တဲ့အတွက် ၁၀၂ ယောက်၊ ၁၁၂ ယောက်လိုတဲ့ဟာကို ဒီစစ်ကိုင်းတိုင်းဒေသကြီးက ကြော်ငြာခေါ်တာဖြစ်ပါတယ်။ အဲ့လိုခေါ်ပြီးလို့ရှိရင် ကြော်ငြာတွေခေါ်ပြီးရင် ရက်စေ့တဲ့အခါမှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကိုယ်စားလှယ်တစ်ဦးနဲ့ ကျန်းမာရေးဝန်ကြီးဌာနကကိုယ်စားလှယ်တစ်ဦး၊ ညွှန်ကြားရေးမှူးချုပ် ဒါမှမဟုတ်ရင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ရှိတဲ့ ကိုယ်စားလှယ်တစ်ဦးအား သက်ဆိုင်ရာတိုင်းဒေသကြီးများကို စာမေးပွဲသွားစစ်မှာ ဖြစ်ပါတယ်။ အရင်တုန်းကလို ဒီကိုလာဖြေရတာမျိုး မရှိတော့ပါဘူး။ သက်ဆိုင်ရာ တိုင်းဒေသကြီးများကို သွားရောက်စစ်ဆေးပြီးတော့ အဲ့ဒီမှာ စာမေးပွဲအောင်မြင်ရွေးချယ်ခံရတဲ့ လူတွေကို ရာထူးဝန်အဖွဲ့က ဖွင့်လှစ်တဲ့ ဒီဝန်ထမ်းသင်တန်းကို တက်ရောက်ပြီးတော့ ခန့်ထားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီအစီအစဉ်သည် ပြည်နယ်နှင့်တိုင်းဒေသကြီးများရဲ့ လိုအပ်ချက်ကို သူတို့ တင်ပြတာကိုစိစစ်ပြီးတော့ အဲ့ဒီအတိုင်း ကျွန်တော်တို့က စာမေးပွဲခေါ်ယူပြီးတော့ တိုင်းဒေသကြီးတွေ ကိုယ်တိုင်ကိုယ်ကျရာထူးဝန်အဖွဲ့နဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ သွားရောက်စစ်ဆေးပြီး ရွေးချယ်ခန့်ထားမယ့်အစီအစဉ် ဖြစ်တဲ့အတွက် ရှေ့လျှောက်မှာတော့ ဒီလိုအပ်ချက်ကလေးတွေ ယခုထက်ပိုမိုပြီးတော့ အဆင်ပြေနိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ချက်ကတော့ ဒီခြောက်ခန်းတွဲအိမ်ရာ ဆောက်လုပ်ဖို့။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီး ခဏလေး။ ဒီကိစ္စဟာ ကျွန်တော်တို့ ပြီးခဲ့တဲ့ အချိန်ကာလ သိပ်မကြာသေးပါဘူး။ မြေပုံမဲဆန္ဒနယ်က ဦးဖေသန်း၊ သူမေးခွန်းတစ်ခုမေးတဲ့အထဲမှာ ဒီကိစ္စနဲ့သက်

ဆိုင်တာလည်း ပါပါတယ်။ အဓိပ္ပာယ်ကတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန သို့မဟုတ်လို့ရှိရင် ကျန်းမာရေးဆေးသိပ္ပံက ဆရာဝန်တွေ မွေးထုတ်ပေးနေတယ်။ နှစ်အလိုက်နှစ်အလိုက် ဘယ်လောက်ပေါ့။ ပြီးခဲ့တဲ့အခါကျတော့ နယ်တွေမှာ ဆေးရုံတွေမှာလည်း ဆရာဝန်တွေလိုနေတယ်။ ဆရာဝန်တွေလည်းရှိနေတယ်။ ဒါပေမယ်လို့ နယ်ဆေးရုံတွေ၊ ကျန်တဲ့ဆေးရုံတွေမှာ ဆရာဝန်တွေမခန့်နိုင်ဘူး။ အဲ့လိုမခန့်နိုင်တဲ့အတွက်က ဘာ့ကြောင့်လဲ မေးတဲ့အခါမှာ ရာထူးဝန်အဖွဲ့၊ ဝင်ပေါက်ရာထူးကနေ ဝင်တဲ့အခါမှာ ခုနက စာမေးပွဲဝင်ရတယ်။ စာမေးပွဲဝင်တဲ့အခါမှာ ဝင်တဲ့စာမေးပွဲဟာ ကျန်းမာရေးနဲ့ သက်ဆိုင်တဲ့ကိစ္စမဟုတ်ဘဲနဲ့ တခြားမေးခွန်းတွေပေါ်မှာ မေးပြီးတော့မှပဲ ခုနက အောင်မြင်မှု ဆုံးဖြတ်တယ်ဆိုတဲ့ သဘောပါပါတယ်။ အချုပ်ကတော့ ဆရာဝန်တွေမွေးထုတ်ပေးထားတယ်။ အများကြီးပဲ။ သို့ရာတွင် တစ်ဖက်မှာကျတော့ ဆရာဝန်တွေ မခန့်နိုင်ဘူး။ မခန့်နိုင်တဲ့အတွက် ဆရာဝန်များအတွက်လည်း အလုပ်ရရှိလား။ မရရှိနိုင်ဘူး။ ကျန်းမာရေးအတွက်ကျတော့လည်း ခုနက ပြည်သူကို ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုဖို့ကျတော့ မလုပ်နိုင်ဘူး။

ဒါ့ကြောင့်မို့လို့ ဘယ်လိုပါလဲဆိုတဲ့ မေးခွန်းနဲ့မေးပါတယ်။ အမှန်ကတော့ အမေးနဲ့အဖြေက ရှိပြီးသားပါ။ ဒါ့ကြောင့်မို့လို့ အခုလိုကိစ္စမျိုးမှာလည်း အကယ်လို့များ အဲ့ဒီလို ကန့်သတ်ချက်၊ အဟန့်အတားတွေဖြစ်တယ်ဆိုလို့ရှိရင်လည်း ဘယ်လိုများ ကျွန်တော်တို့က ဖြေရှင်းပေးရမလဲဆိုတာပါ ကျန်းမာရေးဝန်ကြီးဌာနကော၊ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်း၊ ခုနကရာထူးဝန်အဖွဲ့ကော အားလုံးညှိနှိုင်းဆောင်ရွက်ရမယ့် အနေအထားဖြစ်ပါတယ်။ လိုမယ်ဆိုလို့ရှိရင်လည်း ကျွန်တော့်အနေနဲ့ပြောရမယ်ဆိုရင်တော့ ခုနက ကျွန်တော်တို့ရဲ့ ပညာတတ် ကျန်းမာရေးဆရာဝန်များ၊ ပညာတတ် လူသားအရင်းအမြစ်များကိုလည်း ကောင်းကောင်းအသုံးချနိုင်အောင် တစ်ဖက်မှာလည်း ပြည်သူကို အကျိုးပြုနိုင်အောင် ဒီဟာ အဓိကထားစဉ်းစားရမယ့်အခြေအနေရောက်ပါပြီ။ အဲ့လိုရောက်တဲ့အခါမှာ ဒီနေ့ ကျန်းမာရေးဝန်ကြီး ရှင်းပြသွားတာက အဲ့ဒီကို အထောက်အကူပြုနိုင်တဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးများက လိုအပ်တဲ့ဝန်ထမ်းများ ခန့်ထားရေးကိစ္စမှာ လျှောက်လွှာတင်၊ လျှောက်လွှာပေါ်မူတည်ပြီးတော့ စိစစ်တဲ့အခါမှာ ခုနက ရာထူးဝန်အဖွဲ့ကကော၊ သက်ဆိုင်ရာအဖွဲ့များ အားလုံးပေါင်းလုပ်မယ်ဆိုတဲ့နေရာမှာ ဘယ်လောက်ထိ လျင်မြန်အောင်လုပ်နိုင်မလဲဆိုတာလည်း တွက်ဆဖို့လိုပါတယ်။

ဒါ့ကြောင့်မို့လို့ စပြီးတော့ ခုနက ကျန်းမာရေးဝန်ကြီးဌာနက မွေးထုတ်ပေးလိုက်တဲ့ ဆရာဝန်တွေစပြီးဖြစ်တယ်ဆိုတဲ့ အချိန်မှာပဲ တစ်ခါတည်း ခုနက တာဝန်ထမ်းဆောင်နိုင်ဖို့အတွက် Master

Plan သဘောဆန်ဆန် ကျွန်တော်တို့ လုပ်ထားမယ်ဆိုရင်သင့်/မသင့် ဒါလည်း ပြန်စဉ်းစားဖို့လိုပါလိမ့်မယ်။ ပြောမယ်ဆိုလို့ရှိရင်တော့ ဆရာဝန်ဖြစ်အောင် သင်လိုက်ရတာ၊ ဆယ်တန်း၊ ဆယ်တန်းမှာလည်း ခုနက အမှတ်ကောင်းအောင် လုပ်ကြရတာ။ တစ်ခါ နောက်ထပ် ခုနစ်နှစ်၊ ခုနစ်နှစ်အတွင်းမှာလည်း ခုနက ကြိုးစားအားထုတ်မှုအပြင် ငွေရေးကြေးရေးကလည်း အများကြီးလိုက်လာတယ်။ နောက်ဆရာဝန်ဖြစ်သွားပြီ။ နောက် အလုပ်သင်ဖြစ်သွားပြီ။ အဲ့ဒီကမှတစ်ခါ အလုပ်ဝင်ဖို့အတွက်စောင့်နေရတဲ့အချိန်က သူတို့အတွက်လည်း နစ်နာပါတယ်။ တိုင်းပြည်အတွက်လည်း နစ်နာပါတယ်။ ပြည်သူအတွက်လည်း နစ်နာပါတယ်။ ဒီဟာကို ကျွန်တော်တို့က ဘယ်လိုများလုပ်မလဲဆိုတာတော့ အဓိကထားစဉ်းစားရမယ့်အနေအထားဖြစ်ပါတယ်။ ဒီဟာသည် လူမှုရေးပြဿနာဖြစ်သလို၊ နိုင်ငံရေးပြဿနာလည်း ဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့်မို့လို့ အခုမေးခွန်းအပေါ် မေးတာကတော့ ခုနက မိုင်းယန်းမဲဆန္ဒနယ်မှာ ဆရာဝန်မရှိဘူးဆိုတဲ့ ပေါ်မူတည်ပြီးတော့ ဝန်ကြီးဖြေပြသွားတာ ကျွန်တော်ကျေးဇူးတင်ပါတယ်။

သို့ရာတွင် အခုအဖြေဟာ တကယ်လုံလောက်ပြီလား။ မလုံလောက်ဘူးလား။ ပြန်ပြီးတော့ သုံးသပ်ဖို့လိုပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ပြုပြင်ပြောင်းလဲဆောင်ရွက်တဲ့နေရာမှာ မကောင်းတာတွေကောင်းအောင်၊ ကောင်းတာတွေဆက်ပြီးတော့ ပို၍ကောင်းအောင်လုပ်ရမယ့် တာဝန်ဟာ ဒါကျွန်တော်တို့အားလုံးရဲ့ တာဝန်ပဲဖြစ်တယ်လို့ ယူဆပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့လည်း အခွင့်သင့်တုန်း မြေပုံမဲဆန္ဒနယ်က ဦးဖေသန်းက ပြီးခဲ့တဲ့ တစ်လလောက်တုန်းက ဒီမေးခွန်းမေးပါတယ်။ အဲ့ဒီမေးခွန်းပေါ်မူတည်ပြီးတော့ သတင်းဂျာနယ်တွေထဲမှာလည်း အမျိုးမျိုးဝေဖန်ရေးသားတာတွေလည်းရှိပါတယ်။ အဲ့တော့ ကျွန်တော်တို့ကတော့ အစိုးရဘက်က ပြည်သူ့ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဒီလိုကျွန်တော်တို့ လုပ်နိုင်စွမ်းရှိရဲ့သားနဲ့ မလုပ်မိဘူးဆိုလို့ရှိရင်လည်း ကျွန်တော်တို့တတွေ တာဝန်မကျေဘူးဆိုတဲ့ အနေအထားနဲ့ အခုအချိန်မှာ ကျွန်တော်တို့ ထပ်ပြီးတော့ ပြန်ပြီးတော့ Recall လုပ်နိုင်အောင် ပြန်လည်သုံးသပ်နိုင်အောင် ကျွန်တော် ဆွေးနွေးပေးခြင်းပဲဖြစ်ပါ တယ်။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ဆွေးနွေးချက်နဲ့ လမ်းညွှန်ချက်ကို ကျွန်တော်တို့အနေနဲ့ ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော် ဆရာဝန်တစ်ယောက်အနေနဲ့ကော၊ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ယောက်အနေနဲ့ပါပြောရရင် ကျွန်တော်တို့မွေးထုတ်လိုက်တဲ့ ဆရာဝန်တွေကို နေရာတိုင်းမှာ လိုအပ်သလောက်ခန့်နိုင်ရင် အကောင်းဆုံးပါပဲ။ ကျွန်တော့်အနေနဲ့ပြောရရင် ရွာတိုင်းရွာတိုင်းမှာ၊ နေရာတိုင်းမှာ လိုအပ်

သလောက် ဆရာဝန်တွေ အချိန်ပြည့်ရှိတယ်ဆိုရင် ကျန်းမာရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းဆောင်တာများ ပိုမိုအောင်မြင်မှာဖြစ်ပါတယ်။ ဒီလိုပဲ ကျေးလက်ဆေးပေးခန်းတွေလည်း အနှံ့အပြားမှာရှိမယ်။ အင်အားပြည့်လည်းရှိမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ ပြည်သူလူထုအတွက် အများကြီးအကျိုးဖြစ်ထွန်းမယ်ဆိုတာ ကျွန်တော်တို့ ဒါဟာ ဒီဦးတည်ချက်နဲ့လည်း ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အားလုံးကလည်း ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီရာထူးဝန်အဖွဲ့ကစစ်တဲ့အခါမှာ ကျွန်တော်တို့ ကျန်းမာရေးနဲ့မဆိုင်တဲ့ဟာတွေ မေးတယ်ဆိုတာကလည်း တစ်ချိန်ကတော့လည်း မေးခဲ့ဖူးပါတယ်။ ဒါကျွန်တော်တို့ ကိုယ်တိုင်စာမေးပွဲဖြေတုန်းက လွန်ခဲ့သောနှစ်ပေါင်း ၃၀ က ဒီလိုပဲ ကျွန်တော်တို့ သိရပါတယ်။ ဒါပေမယ့် အဲ့ဒီတုန်းက ဘာကိုပြောခဲ့သလဲဆိုတော့ ဆေးစာတွေကိုပြန်မေးရင်၊ ကျန်းမာရေးအကြောင်းတွေကိုပြန်မေးရင် မတတ်သေးဘူးလို့ယူဆလို့၊ အရည်အချင်းမရှိသေးဘူးလို့ယူဆလို့ ဆေးစာတွေပြန်စစ်နေတယ်လို့ဖြစ်မယ်။ အဲ့တော့ ကျွန်တော်တို့က ဆေးကျောင်းမှာနောက်ဆုံးနှစ်စစ်ပြီးပြီ။ အောင်တယ်။ အလုပ်သင် ဆရာဝန်တစ်နှစ်အလုပ်သင်ပေးပြီးပြီ။ ဒါကိုလည်းကျေပွန်စွာထမ်းဆောင်နိုင်တယ်။ ဆ/မလည်းပေးပြီးပြီ။ ဆရာဝန်မှတ်ပုံတင်လည်း တင်ပြီးပြီ။ ကုသခွင့်လိုင်စင်လည်း ပေးပြီးပြီဆိုလို့ရှိရင် ဒါသည် ဆရာဝန်တစ်ယောက်အဖြစ် တင်းပြည့်ကျပ်ပြည့် ကျွန်တော်တို့ သူ့မှာမွေးထုတ်လေ့ကျင့်ပေးပြီးသားလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာ တင်ပြရရင် သုံးပိုင်းရှိပါတယ်။ Trainer ရယ်၊ Regulator ရယ်၊ Employer ရယ်ဆိုတာ သုံးခုရှိပါတယ်။ ကျွန်တော်တို့ ဆေးတက္ကသိုလ်များသည် Trainer ဖြစ်ပါတယ်။ Regulator ကတော့ မြန်မာနိုင်ငံဆေးကောင်စီ ဖြစ်ပါတယ်။ Employer ကတော့ ကျွန်တော်တို့ အစိုးရအဖွဲ့ဖြစ်ရင်ဖြစ်မယ်။ ပုဂ္ဂလိကကဏ္ဍ ပြင်ပဆေးရုံတွေ ဖြစ်ရင်ဖြစ်မယ်။ INGO, NGO တွေဖြစ်ရင်ဖြစ်မယ်။ UN Organization တွေဖြစ်ရင်ဖြစ်မယ်။ ဒါပေမယ့် ဘာသာရေးအသင်းအဖွဲ့တွေဖြစ်ချင်လည်းဖြစ်မယ်။ ဒါမှမဟုတ်ရင် Self Employ လို့ခေါ်တဲ့ ကိုယ်ကိုယ်တိုင်၊ ကိုယ့်ဘာကိုယ် GP ထိုင်တာပေါ့။ ကျွန်တော်တို့ရိုးရိုးပြောရင်တော့ GP ထိုင်တာလဲ ဖြစ်ရင်ဖြစ်ပါမယ်။အဲ့ဒီတော့ Trainer ရယ်၊ Regulator ရယ်၊ Employer ရယ် သုံးဦးသုံးဖလှယ်ရှိတဲ့အခါမှာ ကျွန်တော်တို့ အစိုးရအဖွဲ့ကတော့ အကြီးဆုံး Employer လို့ပဲပြောရမှာပါ။

ဒါကြောင့်မို့လို့ ဆရာဝန်အဖြစ်နဲ့တော့ အရည်အချင်းပြည့်ဝပြီ၊ ဒါပေမယ့် ကျွန်တော်တို့က ထုတ်လုပ်တဲ့လူတွေကို ဒီဆရာဝန်တွေကို ပြန်တမ်းဝင်အရာရှိအနေနဲ့ နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်တာဝန်ပေးသင့်/မပေးသင့် စစ်ဆေးတာဖြစ်တဲ့အတွက် နိုင်ငံနှင့်အရေးကြီးတဲ့ အထွေထွေဗဟုသုတနှင့်

နိုင်ငံနှင့်ပတ်သက်တာ နိုင်ငံတကာရေးရာပတ်သက်တာကို မေးရခြင်းဖြစ်ပါတယ်လို့ တစ်ချိန်က ကျွန်တော်တို့ စာမေးပွဲဖြေခဲ့တုန်းက အဲ့ဒီလိုဖြေရှင်းခဲ့တာမျိုးရှိပါတယ်။ အခုအချိန်ထိမှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှာ ဒီလိုပဲရှိသေးတယ်လို့ပဲ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဆရာဝန်အဖြစ်နဲ့တော့ အရည်အချင်းပြည့်ဝပြီးပြီ။ နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိဖြစ်သင့်/မဖြစ်သင့်ဆိုတာကို စစ်ဆေးတဲ့ စာမေးပွဲလို့ပဲ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

ထုတ်လုပ်သမျှ ဆရာဝန်အားလုံးကို ခန့်နိုင်မယ်ဆိုရင်တော့ ဒီစာမေးပွဲမလိုတော့ပါဘူးခင်ဗျား။ ဒါပေမယ့် ကျွန်တော်တို့ ထုတ်လုပ်တဲ့ဆရာဝန်အားလုံးကို ခန့်အပ်နိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ Vacancy ဟာအဲ့လောက်မရှိပါဘူး။ အဲ့တော့ နည်းစနစ်တစ်ခုခုနဲ့တော့ ကျွန်တော်တို့ ရွေးချယ်ရမယ် ဆိုတဲ့သဘောဖြစ်ပါတယ်။ ထွက်သမျှအားလုံးကို အစိုးရဆရာဝန်ခန့်ပြန်တော့လည်း ခုနက ကျွန်တော် တင်ပြသွားခဲ့တဲ့ အခြားသောကဏ္ဍတွေ၊ ပုဂ္ဂလိကကဏ္ဍမှာ INGO, NGO ကဏ္ဍမှာ ဒီဟာမှာ ဆရာဝန်တွေမရှိဘူး။ အဲ့ဒီဘက်အတွက်ကို လုပ်ဖို့ဆရာဝန်တွေမရှိဘူးဖြစ်သွားနိုင်တာလည်း ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံ၌ ထုတ်လုပ်တဲ့လူတွေ၊ ထုတ်လုပ်လိုက်တဲ့ ဆရာဝန်တွေကို အစိုးရအလုပ်ကို ဝင်ချင်တယ်ဆိုရင် ဝင်နိုင်လောက်အောင် ကျွန်တော်တို့ ခုချိန်မှာလည်း လက်ရှိဖွဲ့စည်းပုံအပြင် လွှတ်တော်ဥက္ကဋ္ဌကြီးတို့ သိတဲ့အတိုင်းပဲ ဆေးရုံများအသစ်ဖွင့်လှစ်ခြင်းဆိုတာရှိပါတယ်။ ဒါကျွန်တော်တို့က ဆေးရုံမရှိတဲ့နေရာတွေ အသစ်ဖွင့်တာပါ။ နောက်တစ်ခုက ရှိရင်းစွဲဆေးရုံများကို အဆင့်တိုးမြှင့်ခြင်းဆိုတာ ကျွန်တော်တို့ ၁၆ ခုတင်ကနေ ၂၅ ခုတင်၊ ၂၅ ခုတင်ကနေ ၅၀၊ ၅၀ ကနေ ၁၀၀ တိုးတာရှိပါတယ်။ အဲ့ဒီတော့ အဆင့်တိုးရင် ကျွန်တော်တို့ ၂၅-၅၀၊ ၁၆-၂၅ ဟာ မထူးပေမယ့် ၅၀ ကနေ ၁၀၀ တိုးတိုင်းတိုးတိုင်းမှာ အထူးကု ခုနစ်မျိုးတိုးပါတယ်ခင်ဗျား။ ၁၀၀ ကနေ ၂၀၀ အဆင့်ကို တိုးပြီဆိုရင် အထူးကု ၁၇ မျိုးရှိလာပါတယ်ခင်ဗျား။

အဲ့လိုအသစ်သစ်တိုးချဲ့ဖွင့်လှစ်တယ်။ နောက်ပြီးတော့ အသစ်လည်းဖွင့်တယ်။ ဆေးရုံအဆင့်လည်းမြှင့်တယ်။ ပြီးရင် စံကိုက်ဖွဲ့စည်းပုံတွေလည်းပြင်တဲ့အခါမှာ ကျွန်တော်တို့ ဆရာဝန်များ ခန့်ထားနိုင်မှုဟာ ပိုမိုများပြားလာတဲ့အတွက်ကြောင့်မို့လို့ အခုလို သုံးနှစ်အတွင်း ၃၅၀၀ ခန့်ပြီးတာတောင်မှ ဆက်လက်ပြီးတော့ Vacancy တွေရှိနေတုန်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဆက်လက်ပြီးတော့လည်း ဒီခုနပြောတဲ့ ဆေးရုံအသစ်ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် စံကိုက်ဖွဲ့စည်းပုံပြင်ခြင်း၊ အထူးကုဌာနများ ဖွင့်လှစ်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ လွှတ်တော်နဲ့ အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုခံယူပြီးတော့ ကျွန်တော်တို့

ဒီ့ထက်ပိုပြီးတော့ မွေးထုတ်ထားတဲ့ဆရာဝန်တွေကို နိုင်ငံတော်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုမှာ ကဏ္ဍ အသီးသီးမှာ ဘယ်လိုအကောင်းဆုံးအသုံးချနိုင်မလဲဆိုတာ ဆက်လက်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွား မှာဖြစ်တဲ့အကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

နောက်ဒီခြောက်ခန်းတွဲအိမ်ရာလေးကိစ္စကတော့ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်ထဲမှာတော့ မပါ သေးပါဘူး။ ဒါပေမယ့် ဒီအသစ်ကတော့ ကျွန်တော်တို့က ဒီ RE မှာကတော့ လုပ်ငန်းသစ်ဆိုတာ လျှာထားဖို့ခက်တဲ့အတွက် ရှေ့နှစ်တွေကျတော့မှပဲ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားမယ် လို့ပဲ ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။

နောက်ဘားအံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာရဲ့ မေးခွန်းမှာ ဘားအံမြို့နယ်၊ ဖားကန့်ကျေးရွာ ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ဖို့၊ ဌာနခွဲဆေးပေးခန်း တည်ဆောက်ပေးဖို့ ၂၀၁၄-၂၀၁၅ ထဲမှာ မပါသေးပါဘူး။ မပါသေးပေမယ့် ယခုဒီလာမယ့်လ ၂၀ အတွင်းမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၅၀ အသစ်တည်ဆောက်ဖို့ရယ်၊ ကျေးလက်ကျန်းမာရေး ဌာန ၁၁၀၊ ၁၁၀ နဲ့ဆို သူနဲ့နောက်ထပ် ၄၀၀ ကျော်ပါလာမှာဖြစ်တဲ့အတွက် ဌာနခွဲ ၈၀၀ ကျော် ကျွန်တော်တို့ လ ၂၀ အတွင်း တည်ဆောက်ပေးဖို့ရှိပါတယ်။ အဲ့ဒီတော့ ၂၀၁၄-၂၀၁၅ မှာမပါသေး ပေမယ့် ဒီလ ၂၀ အတွင်းတည်ဆောက်မယ့် ဌာနခွဲပေါင်း ၈၅၀ ထဲမှာ ပါနိုင်ဖို့ကို ကျွန်တော်တို့ ပြည်နယ်နှင့်တိုင်းဒေသကြီးတွေကော ဦးစားပေးအစီအစဉ်အလိုက် ကျွန်တော်တို့ ဆောင်ရွက်ပေးသွား မယ်ဆိုတဲ့အကြောင်း ဖြေကြားလိုပါတယ်။ အခုချိန်မှာတော့ လ ၂၀ ကိစ္စတွေ ပြန်ညှိနေတဲ့အတွက် ဘယ်ထဲမှာပါမလဲဆိုတာတော့ ကျွန်တော့်အနေနဲ့ လောလောဆယ် အတိအကျမပြောနိုင်သေးပါဘူး။ ဒါပေမယ့် ၈၅၀ ထဲမှာပါအောင် ကျွန်တော်တို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

တတိယမေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံမှာ ဆရာဝန်နေအိမ်မရှိ ပါသဖြင့်ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပိုက်လင်း မေးမြန်းတာ ဖြစ်ပါတယ်။ အဲ့တော့ မေးခွန်းမှာ နှစ်ပိုင်းပါပါတယ်။ နေအိမ် အဟောင်းကို ပြုပြင်ရန်နှင့် နေအိမ်အသစ်ဆောက်လုပ်ရန်ဆိုတာ နှစ်ပိုင်းပါပါတယ်။ ဆိုတော့ ကျွန်တော်တို့ အခု အဟောင်းပြင်တာကတော့ ပြင်ထိန်းငွေထဲက ကျွန်တော်တို့ ပေးလို့ရပါတယ်။ ဒီမှာလည်း မူအသစ် ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီးတော့ ပြောင်းပါတယ်။ အရင်တုန်းကတော့ အဟောင်းပြင်တာတောင်မှ ကျွန်တော်တို့ မြို့နယ်ကနေ ခရိုင်၊ ခရိုင်ကနေ တိုင်းဒေသကြီး၊ တိုင်းဒေသကြီးကနေ တစ်ခါ ရုံးချုပ်ကိုတင်ပြပြီး ရုံးချုပ်ကနေ ပြန်ချပြီးသွား

တစ်ခါတည်း ဒါတွက်ဦး၊ ချက်ဦး အပြန်အလှန်စာတွေတင်ပြတာကြာနေတဲ့အတွက် ကျွန်တော်တို့ ခုချိန်မှာ ကျွန်တော်တို့ ပြည်နယ်နှင့်တိုင်းဦးစီးဌာနမှူးတွေ မြို့နယ်တစ်မြို့နယ်အတွက်ကို ပြင်ထိန်းစရိတ် သိန်း ၅၀၀ ချပေးပြီးတော့ တစ်မြို့နယ်အတွက်ကို သိန်း ၅၀၀ ချပေးပြီးတော့ အဲ့ဒီမှာ ဦးစားပေးအစီအစဉ်အလိုက် သက်ဆိုင်ရာဒေသမှာရှိတဲ့ ကိုယ်စားလှယ်ကြီးများနဲ့ မြို့နယ်ကော်မတီအသီးသီးတို့က တိုင်ပင်ဆွေးနွေးပြီးတော့ ဒီသိန်း ၅၀ ကို သိန်း ၂၀၊ ၂၅ ခုပဲ ခွဲမလား။ ၂၅ သိန်း အခု ၂၀ ပဲ ခွဲမလား။ သင့်တော်သလို ခွဲဝေပြီးတော့ သူ့ဒေသနဲ့သူ အမြန်ဆုံးပြုပြင်နိုင်ဖို့ကို ဒီနှစ်မှာ ကျွန်တော်တို့ စတင်ဆောင်ရွက်လျက်ရှိပါတယ်ဆိုတဲ့အကြောင်းကို ပြောကြားလိုပါတယ်။ အသစ်ဆောက်ဖို့ကိစ္စက ၂၀၁၄-၂၀၁၅ ထဲမပါသေးတဲ့အတွက် RE မှာလည်း လုပ်ငန်းသစ်ဆောက်လုပ်ခြင်းမရှိသေးတဲ့အတွက် ခုနလိုပဲ ကျွန်တော်တို့ လ ၂၀ အတွင်း ဆောက်လုပ်မယ့် စီမံကိန်းတွေထဲမှာ ပါနိုင်အောင် ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ပေးသွားမယ်ဆိုတဲ့အကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။ (သြဘာသံများ)

**မြဝတီမြို့ ခုတင် ၁၀၀ ဆေးရုံတွင် ဓာတ်မှန်ကျွမ်းကျင်တစ်ဦး၊ လက်ထောက်ဆရာဝန်နှစ်ဦး၊ ကလေးအထူးကုဆရာဝန်တစ်ဦးနှင့် လူနာခုတင်များဖြည့်တင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းဦး၊ မြဝတီမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းဦး(မြဝတီမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ မြဝတီမြို့ဟာ ခရိုင်အဆင့်ဖြစ်ပြီးတော့ ပြည်သူလူထုကျန်းမာရေးအတွက် အထောက်အကူပြုတဲ့ ခုတင် ၁၀၀ ဆေးရုံလည်းရရှိထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ခရိုင်ပြည်သူ့ဆေးရုံကြီးဟာ ခုတင် ၁၀၀ အဆင့်နဲ့ညီမျှတဲ့ အဆောက်အအုံမရှိသေးဘဲနဲ့ စင်္ကြံလမ်းတစ်လျှောက်မှာ အဆင်ပြေသလိုပဲ ခုတင်တွေ စီစဉ်ထားရပါတယ်။ အထူးကုဌာနတစ်ခုနှင့်တစ်ခုလည်း ခုတင်တွေ ထွေးရောယှက်တင်ဖြစ်နေတာ လေ့လာတွေ့ရှိရပါတယ်။ ဒေသခံများရဲ့ လှူဒါန်းငွေနဲ့ဆောက်လုပ်ထားတဲ့ ကိုယ်ထူကိုယ်ထအခပေးဆေးကုသဆောင်ကိုလည်း အသုံးပြုထားရပေမယ့် နေရာလုံလောက်မှုမရှိပါဘူး။ JICA မှအကူအညီနဲ့ ဥပမိရုပ်ကောင်းတဲ့ ဆေးရုံ

အဆောက်အအုံပေါ်ထွက်လာမယ်လို့ သတင်းကြားထားပေမယ့် ဘာအကြောင်းကြောင့်ဟူ၍ မသိရဘဲနဲ့ ယနေ့ထိပေါ်ထွက်လာခြင်း မရှိသေးပါဘူး။ မြဝတီမြို့ပြည်သူ့ဆေးရုံကြီးဟာ တစ်နေ့လျှင် လူနာ ၁၀၀ မှ ၁၃၀ ထိ ပျမ်းမျှရှိပါတယ်။ ပြီးတော့ မြဝတီမြို့ဟာ တစ်ဖက်နိုင်ငံနှင့်နီးကပ်စွာရှိတဲ့ နိုင်ငံမျက်နှာစာတစ်ခုဖြစ်ပြီးတော့ အများပြည်သူယုံကြည်အားကိုးရတဲ့ နိုင်ငံ့ပုံရိပ်အတွက် နယ်စပ်ဒေသအဆင့်မြင့်ဆေးရုံအမှန်လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့အောက်ပါမေးခွန်းများအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ (၁) ခုတင် ၁၀၀ ဆေးရုံနှင့်လျော်ညီသော အဆောက်အအုံတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ။ (၂) လက်ရှိအခြေအနေမှာ ခွဲစိတ်မှန်ကွမ်းကျင်တစ်ဦး၊ လက်ထောက်ဆရာဝန်နှစ်ဦးနှင့် ကလေးအထူးကုဆရာဝန်တစ်ဦး အမြန်လိုအပ်ပါသဖြင့် ခုတင် ၁၀၀ နှင့်လျော်ညီတဲ့ စံကိုက်ဝန်ထမ်းများ ဖြည့်တင်းပေးရန် အစီအစဉ်ရှိ/မရှိ။ (၃) လတ်တလောလိုအပ်နေတဲ့ လူနာခုတင်များဖြည့်တင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကျော်ခင်၊ ကျောက်တန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ခင်(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်တဲ့မေးခွန်းတစ်ခုကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောက်တန်းမြို့နယ်အတွင်းမှာရှိတဲ့ မင်္ဂလွန်းကျေးရွာဟာ အိမ်ခြေ ၁၄၅၃ အိမ် တည်ရှိပါတယ်။ လူဦးရေအားဖြင့် လက်ရှိမှာ ၆၁၀၀ ကျော်မှီတင်းနေထိုင်တဲ့ ကျေးရွာတစ်ရွာလည်းဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုတည်းရှိပါတယ်။ လက်ရှိမှာ ကျေးရွာဟာ လူဦးရေများပြားပြီးတော့ မြို့နယ်ပြည်သူ့ဆေးရုံနဲ့ ၁၆ မိုင်လောက်ကွာဝေးတဲ့အတွက် ဒေသခံမိဘပြည်သူတွေဟာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဆင့် တိုးမြှင့်ဆောင်ရွက်ပေးဖို့ အထူးပဲမျှော်လင့်လျက်ရှိကြပါတယ်။ တိုက်နယ်ဆေးရုံအဆင့် တိုးမြှင့်ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အကျုံးဝင်ကျေးရွာများဖြစ်တဲ့ မင်္ဂလွန်းကျေးရွာ

အုပ်စု၊ ခနောင်ကျေးရွာအုပ်စု၊ ကမာကလုပ်ကျေးရွာအုပ်စုများမှ မိဘပြည်သူ ၄၁၀၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုကို ပေးစွမ်းနိုင်မှာဖြစ်ပါတယ်။ သို့အတွက်ကြောင့် မင်္ဂလွန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဆင့်တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလမှာ ဆောင်ရွက်ပေးနိုင်မယ်ဆိုတာကို လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက်ကို ပြည်ထောင်စု ကျန်းမာရေးဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦးရဲ့မေးခွန်းကို ပြန်လည်ဖြေကြားရမယ်ဆိုရင် JICA ရဲ့ဆောက်မယ့် အဆောက်အအုံကိစ္စကတော့ ဒါသီးခြားပါ ခင်ဗျား။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့တော့ မြဝတီမြို့ ခုတင် ၁၀၀ ဆေးရုံတိုးချဲ့ သုံးထပ်ဆောင်၊ ဆေးရုံအုပ်ကြီးနေအိမ်နှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးရန်အတွက် ကျန်းမာရေး ဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ယခုဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း ၂၅၀ ကို ကျန်းမာရေးဦးစီးဌာနရဲ့ ၂၅-၄-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၄၂/ဘ၁(စ) ငွေလုံးငွေရင်းနဲ့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနကို ခွဲဝေချထားပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဆရာဝန်လိုအပ်ချက်နဲ့ပတ်သက်လို့ လက်ထောက် ဆရာဝန်(ခွဲစိတ်မှုန်)ကို ကျွန်တော်တို့ ၁၆-၆-၂၀၁၄ က ခန့်အပ်ပြီးဖြစ်ပါတယ်။ အထူးကုဆရာဝန် (ကလေး) ဒေါက်တာမျိုးခိုင်ကိုလည်း ၃၀-၆-၂၀၁၄ အမိန့်စာနဲ့ ကျွန်တော်တို့ ခန့်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိမြဝတီဆေးရုံမှာဆိုလို့ရှိရင် ကျွန်တော်တို့ Consultant Physician တစ်ဦး၊ Consultant Sur geon တစ်ဦး၊ Consultant OG တစ်ဦး၊ Consultant Orthopaedics Sur geon တစ်ဦးရှိပြီးတော့ Specialist AS များအနေနဲ့ ကလေးအထူးကုနဲ့ ခွဲစိတ်မှုန် SpeciaList AS၊ မေ့ဆေး SpeciaList AS များ ခန့်ထားပြီးသားဖြစ်ပါတယ်။ ရိုးရိုးလက်ထောက်ဆရာဝန်ကိုးဦးလည်း ခန့်အပ် ထားပြီးဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

အဲ့ဒီတော့ ဒီမြဝတီခရိုင် ပြည်သူ့ဆေးရုံမှာ လူနာခုတင်အပါအဝင် ဆေးရုံသုံးပစ္စည်းများကို ထောက်ပံ့ပေးဖို့အတွက် ၂၀-၆-၂၀၁၄ ရက်စွဲပါစာအမှတ်နဲ့ ကျွန်တော်တို့ ခွင့်ပြုထားပြီးဖြစ်တဲ့အတွက် ကြောင့်မို့လို့ ရန်ကုန်မြို့မှာရှိတဲ့ CMSD ဗဟို ဆေးသိုလှောင်ရုံကနေပြီးတော့ IV No.21/6 နဲ့ ထောက်ပံ့ပေးနိုင်ရေး အကြောင်းကြားဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမှာတစ်ပါတည်းတင်ပြလိုတာက မြဝတီဆေးရုံသာမက ကျွန်တော်တို့ ကျန်းမာရေး ဝန်ကြီးဌာနအတွက်တော့ နယ်စပ်ဆေးရုံများကို အဆင့်မြှင့်ပြီးတော့ အင်အားဖြည့်တင်းဖို့ စီမံချက်ရှိပါ တယ်။ မောင်တော၊ တမူး၊ ပူတာအို၊ မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း ဒီဆေးရုံအားလုံးသည် အခြားနိုင်ငံဆေးရုံများ၊ အခြားနိုင်ငံနဲ့ ဆက်စပ်နေတဲ့ဆေးရုံများဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကိုရော၊ ကျွန်တော်တို့နိုင်ငံရဲ့ ကျန်းမာရေးဝန်ထမ်းများရဲ့ ဂုဏ်သိက္ခာ အတွက်ကော ကျွန်တော်တို့က လူအင်အား၊ ပစ္စည်းအင်အား၊ အဆောက်အအုံအဆင့်မီ တိုးချဲ့ ဆောက်လုပ်သွားဖို့ စီမံချက်ရှိပါတယ်ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင်ရဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိရေးအတွက် သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်တဲ့အကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့်ပတ်သက်၍ ရရှိနိုင်မည့်လူမှုရေး၊ စီးပွားရေးအကျိုးကျေးဇူး များနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ တွက်ချက်ထားမှုတို့ကို ပြည်သူသို့ရှင်းလင်းတင်ပြပေး နိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်က ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ ကျွန်မတို့ လွှတ်တော်ကနေပြီးတော့ ၂၀၁၄ ခုနှစ်၊ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေဆိုတာ ဇန်နဝါရီလ ၂၃ ရက် နေ့က ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီ Special Economic Zone ဥပဒေကို ပြဋ္ဌာန်းတဲ့အတွက် ပထမဦးဆုံး ကျွန်မတို့အတွက် စတင်လုပ်မယ့် ကျောက်ဖြူစီးပွားရေးဇုန်နဲ့ပတ်သက်လို့ သိချင်တာတွေရှိတဲ့

အတွက်ကြောင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီ့အရင် ထားဝယ်စီးပွားရေးဇုန်တို့၊ သီလဝါ စီးပွားရေးဇုန်တို့က သူ့ဟာသူ သီးခြားဥပဒေနဲ့လုပ်ကိုင်ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ထားဝယ် စီးပွားရေးဇုန်ဆိုလည်း တော်တော်ကို ရှုန်းကန်နေရတာတွေ့မှာပါ။ သီလဝါစီးပွားရေးဇုန်လည်း (1),(2),(3) ရှိတဲ့အနက်က (3)က မပြီးသေးဘဲနဲ့နောက်ဆုံး ပူးမားကို လွှဲပေးလိုက်ရတဲ့အဖြစ် သိကြ မှာပါ။ အဲ့တော့ အခုကျွန်မတို့ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေနဲ့လုပ်မယ့် ကျောက်ဖြူစီးပွားရေး ဇုန်မှာ ကျွန်မတို့ ဥပဒေမှာပြဋ္ဌာန်းထားတဲ့အတိုင်းများ လုပ်ရဲ့လားဆိုတာ သိချင်လို့ပါ။ အဲ့ဒီအခန်း(၅) မှာဆိုရင် စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်းနှင့် ၎င်း၏တာဝန်များဆိုတဲ့အထဲမှာ ကျွန်မတို့ ဥပဒေမှာ ပြဋ္ဌာန်းထားပြီးသားဖြစ်ပါတယ်။ (ဃ)မှာ ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးတည်ဆောက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေး၊ မြေအသုံးပြုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုပြီးတော့ ဖော်ပြထားတာ ရှိပါတယ်။ အခု ဒီကျောက်ဖြူစီးပွားရေးဇုန်ဟာ Investment Only မဟုတ်ပါဘူး။ BOT တွေပါ ပါမယ့်ပြဿနာဖြစ်ပါတယ်။

နောက်တစ်ခါ ဒီကျွန်မတို့ ဥပဒေမှာပဲ တစ်ခါထပ်ပြီး ဘာပြဋ္ဌာန်းထားသလဲဆိုရင် အခန်း(၈)မှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံသူ၏တာဝန်များဆိုပြီးတော့ ရင်းနှီးမြှုပ်နှံသူရဲ့တာဝန်မှာ ရင်းနှီးမြှုပ်နှံသူသည် မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါ စံချိန်စံညွှန်းများနှင့် လိုက်နာ ရမယ်ဆိုတာ ရေးထားပါတယ်။ အဲ့ဒီတော့ အခုကျောက်ဖြူစီးပွားရေးဇုန်နဲ့ပတ်သက်လို့၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ပတ်သက်လို့ Feasibility Study EIA, SIA ဘာတွေလုပ်ထားလဲဆိုတာ သိချင်လို့ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်ရန် စီစဉ်ထားသော ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိပုံများအား (က) မည်ကဲ့သို့ အဆင့်ဆင့် ဆောင်ရွက်နေကြောင်း၊ (ခ) စီမံကိန်းနှင့်ပတ်သက်၍ ရရှိနိုင်မည့်အကျိုးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှုဆိုင်ရာ တွက်ချက်ထားပုံ၊ (ဂ) လူမှုရေး၊ စီးပွားရေးအကျိုးကျေးဇူးများ မည်သည့် အတိုင်း အတာအထိရနိုင်ကြောင်း စသည်တို့နှင့်စပ်လျဉ်း၍ လွှတ်တော်မှတစ်ဆင့် ပြည်သူသို့ရှင်းလင်းတင်ပြ ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်

ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းအဖြစ် ရခိုင်ပြည်နယ်တွင်ဆောင်ရွက်ရန် စီစဉ်ထားသော ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိပုံများအား မည်ကဲ့သို့အဆင့်ဆင့် ဆောင်ရွက်နေကြောင်း၊ စီမံကိန်းနှင့်ပတ်သက်၍ ရရှိနိုင်မည့်အကျိုးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မည့်ဆိုင်ရာ တွက်ချက်ထားပုံနှင့် လူမှုရေး၊ စီးပွားရေးအကျိုးကျေးဇူးများ မည်သည့်အတိုင်းအတာ အထိ ရရှိနိုင်ကြောင်းစသည်တို့အား ပြည်သူသို့ ရှင်းလင်းတင်ပြပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ဆောင်ရွက်ရန်စီစဉ်ထားတဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ပတ်သက်ပြီးတော့ ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်မည့်နည်းလမ်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ တွက်ချက်ထားပုံ၊ စီမံကိန်းမှရရှိနိုင်မည့် လူမှုရေး၊ စီးပွားရေးအကျိုးရလဒ်များစသည်ဖြင့် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို အဆင့်လေးဆင့်ဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပထမအဆင့် စိတ်ကူးစီမံချက် (Conceptual Plan) ရေးဆွဲတဲ့လုပ်ငန်းစဉ်ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ် ဇူလိုင်လအထိ ဆောင်ရွက်ခဲ့ပါတယ်။ ယင်းလုပ်ငန်းစဉ်ကို Japan Development Institute (JDI) မှပညာရှင်များ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် အကြံပေးအဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့ပေါင်းစုံတို့ ပါဝင်တဲ့အဖွဲ့တွေဟာ ကျောက်ဖြူမြို့ကို အကြိမ်ကြိမ်သွားရောက်ကွင်းဆင်းလေ့လာခဲ့ပြီး ဒေသခံပြည်သူများနှင့် မိတ်ဖက်အဖွဲ့ပေါင်းစုံရဲ့ အကြံပြုချက်များနှင့် သဘောထားများကိုရယူပြီးတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဟဇာတဖြစ်ပြီး ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ထွန်းစေမယ့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအပါအဝင် ဒေသခံများ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအပေါ် ဦးစားပေးဆောင်ရွက်နိုင်မည့် အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်ထွန်းလာနိုင်မည့် စိတ်ကူးစီမံချက် (Conceptual Plan) တစ်ခုကို ရေးဆွဲနိုင်ခဲ့ပါတယ်။ ၎င်းအပြင် အထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်တို့မှာ ကျရောက်လာ

နိုင်တဲ့ ထိခိုက်နစ်နာမှုများကို လေ့လာစောင့်ကြည့်ကြပ်မတ်ရန်အတွက် ဒေသခံအများစုပါဝင်တဲ့ မိတ်ဖက်အဖွဲ့အစည်းပေါင်းစုံ လေ့လာစောင့်ကြည့်ရေးအဖွဲ့ (Multi-Stakeholder Monitoring Committee)ကိုလည်း ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယအဆင့် အကြံပေးကုမ္ပဏီ အိတ်ဖွင့်တင်ဒါခေါ်ယူတဲ့လုပ်ငန်းစဉ်ကို ၂၀၁၃ ခုနှစ် ဩဂုတ်လကနေပြီးတော့မှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေအခန်း(၆) ပုဒ်မ ၁၄ ရဲ့ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အကြမ်းရေးဆွဲထားသော စိတ်ကူးစီမံချက်(Conceptual Plan) အပေါ်အခြေခံပြီးတော့ ဒုတိယအဆင့်ဖြစ်တဲ့ အကြံပေးကုမ္ပဏီ(Consulting Firm)ကို အိတ်ဖွင့်တင်ဒါခေါ်ယူတဲ့ လုပ်ငန်းစဉ်ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လကနေ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒုတိယအဆင့်မှာ အဓိကအောင်မြင်မှုနှစ်ခုအနေနဲ့ အထူးစီးပွားရေးဇုန်ဗဟိုလုပ်ငန်းအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီရဲ့ အကြံပေးအဖွဲ့ဝင်များနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် လေ့လာစောင့်ကြည့်ရေးဆိုင်ရာ လူထုအခြေပြုအဖွဲ့အစည်းများမှ ဒေသခံအများစုပါဝင်တဲ့ လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ရေးရာနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာများ၊ ဥပဒေပိုင်းဆိုင်ရာများကို တတ်သိနားလည်သော အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်တဲ့ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (Bid Evaluation and Awarding Committee-BEAC) ကို နိုင်ငံတော်သမ္မတရုံးရဲ့ခွင့်ပြုချက်နဲ့ ဖွဲ့စည်းတာဝန်ပေးနိုင်ခဲ့ပြီး ရင်းနှီးတည်ဆောက်သူခေါ်ယူတဲ့အခါမှာ BEAC အား အကြံပေးဝန်ဆောင် မှုပြုမည့်(CPG Consultants Ltd) ဦးဆောင်သော အကြံပေးကုမ္ပဏီအုပ်စုကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စိစစ်ရွေးချယ်နိုင်ခဲ့ပါတယ်။ တတိယအဆင့် ရင်းနှီးတည်ဆောက်သူ Developers တွေကို အိတ်ဖွင့်တင်ဒါခေါ်ယူတဲ့လုပ်ငန်းစဉ်ကိုတော့ (၂၀၁၄ ခုနှစ်၊ မတ်လကနေစပြီးတော့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအထိ) အကောင်အထည်ဖော်ဆောင်ရွက်ဆဲဖြစ်ပါတယ်။

အဓိကအရေးပါတဲ့ လုပ်ဆောင်ချက်များအနေနဲ့ ငှားရမ်းထားတဲ့ အကြံပေးကုမ္ပဏီအုပ်စုမှ လုပ်ဆောင်ပေးရမည့် စီမံကိန်းဖြစ်နိုင်ချေအလားအလာတွေကို စာတွေ့၊ လက်တွေ့လေ့လာဆန်းစစ်မှုများ(Feasibility study) ပြုလုပ်ပြီးတော့ ဒေသတစ်ခုလုံးလွှမ်းခြုံတဲ့ မဟာစီမံချက်(Regional Master Plan) ရေးဆွဲခြင်းနဲ့ ရင်းနှီးတည်ဆောက်သူ Developers များအားအိတ်ဖွင့်တင်ဒါခေါ်ယူတဲ့ လုပ်ငန်းစဉ်များအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြင်ဆင်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ စိစစ်

အကဲဖြတ်ခြင်းနှင့် ရွေးချယ်ခြင်းများအပြင် အထူးစီးပွားရေးဇုန်အား ကော်ပိုရေးရှင်းများနည်းတူ လည်ပတ်လုပ်ဆောင်လာနိုင်အောင် စီမံခန့်ခွဲမှုကော်မတီအား စနစ်တကျဖွဲ့စည်းခြင်း၊ စီမံကိန်းနယ်မြေ အတည်ပြုသတ်မှတ်ကြေညာရန် ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ကနဦးလေ့လာ ဆန်းစစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေး၊ စီးပွားရေးထိခိုက်လာနိုင်တဲ့အခြေအနေများနဲ့ ထိခိုက်မှုများမရှိအောင် ဆောင်ရွက်ထားရှိတဲ့ အစီအမံများပါရှိတဲ့ လေ့လာဆန်းစစ်မှု အစီရင်ခံစာများရေးဆွဲခြင်း၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူ များအတွက် ပိုမိုကောင်းမွန်သော လူနေမှုအဆင့်အတန်း၊ သင့်တင့်မျှတသော လျော်ကြေးငွေပေးခြင်း၊ မူလဝင်ငွေထက်မနည်းသော အလုပ်အကိုင်များ၊ အသက်မွေးဝမ်းကျောင်းမှုများ ဖန်တီးပေးခြင်း၊ မူလ အနေအထားထက် တိုးတက်ကောင်းမွန်သော လူနေမှုအဆင့်အတန်းများကို ပိုင်ဆိုင်နိုင်ဖို့ အစီအမံ များပါရှိတဲ့ ကမ္ဘာ့ဘဏ်(World Bank)ရဲ့ Involuntary Resettlement Sourcebook ပါ လမ်းညွှန်ချက်စံချိန်စံညွှန်းများနှင့်အညီ ပြန်လည်နေရာချထားခြင်းဆိုင်ရာ အစီအစဉ်များရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများစွမ်းရည်မြှင့်တင်မှုသင်တန်းများ၊ ဒေသခံများ အတွက် ကျွမ်းကျင်မှုမြှင့်တင်သည့်သင်တန်းများ ညှိနှိုင်းဖွင့်လှစ်ပေးခြင်းစတဲ့လုပ်ငန်းတွေကို စီစဉ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ စတုတ္ထအဆင့်စီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဟာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှာမှဖြစ်ပါမယ်။ အခုအခါမှာ အကြံပေးကုမ္ပဏီ အုပ်စုကနေပြီးတော့မှ ကျောက်ဖြူတစ်ခရိုင်လုံး လွှမ်းခြုံနိုင်မည့်မဟာစီမံချက်(Regional Master Plan) လေ့လာရေးဆွဲလျက်ရှိရာ ကနဦးအဆိုပြုချက်အနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး ပေးနိုင်ရေး၊ ဒေသခံများ၊ နိုင်ငံသားများပါဝင်လုပ်ဆောင်နိုင်ခွင့်ရရှိရေး၊ ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ရေးဆိုတဲ့ မူဝါဒရည်ရွယ်ချက်များကို အကောင်အထည်ဖော်ပေးနိုင် ပြီးတော့ ရေနက်ဆိပ်ကမ်းကိုအခြေပြုပြီးတော့ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ အဆင့်ဆင့်ကုန်ချော ထုတ်လုပ်တဲ့လုပ်ငန်းများ၊ သိုလှောင်သယ်ပို့ရေးအပိုင်းကို ဦးစားပေးတဲ့ ထောက်ပံ့ပို့ဆောင်နိုင်သော လုပ်ငန်းများပါဝင်နိုင်တဲ့ လုပ်ငန်းအမျိုးအစားများကို စုစည်းပြီးတော့ ရေနက်ဆိပ်ကမ်းတည်ဆောက် သူ၊ ဆောက်လုပ်ရေးနှင့်ဆိုင်သော ပစ္စည်းများထုတ်လုပ်တဲ့ စက်ရုံများ(CIP- Construction Industrial Package)၊ အထည်အလိပ်လုပ်ငန်းနှင့်ဆိုင်သော စက်မှုလုပ်ငန်းများ(TIP)ပါဝင်တဲ့ စက်မှု ဥယျာဉ် (Industrial Park) ရင်းနှီးတည်ဆောက်သူနှင့် လူနေအိမ်ယာများ ဆောက်လုပ်ခြင်း (Residential Development)အတွက် ရင်းနှီးတည်ဆောက်သူစသည်ဖြင့် တင်ဒါသုံးခုခွဲကာ ခေါ်ယူမည့် Master Plan မဟာစီမံချက်မူကြမ်းကတော့ ယခင်(Conceptual Plan) စိတ်ကူး

**မူကြမ်း**

စီမံချက်ပထမအဆင့်မှာ ဧက ၁၀၀၀ စတင်အကောင်အထည်ဖော်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့သော်လည်းပဲ အခုအခါမှာ ပထမအဆင့် ဧက ၄၀၀၀ ခန့်အထိ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် အထူးစီးပွားရေးဇုန်၏ တန်ဖိုးပိုမိုမြင့်မားလာစေကာ ရင်းနှီးတည်ဆောက်သူများကို ပိုမိုဆွဲဆောင်မှုရရှိလာနိုင်ပြီး ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ကြောင်း အကြံပြုချက်အပေါ် BEAC အဖွဲ့မှ ဆွေးနွေးတိုင်ပင် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပါတယ်။

အကောင်အထည်ဖော်ဆောင်ရွက်မည့် နည်းလမ်းများကို တင်ပြရမယ်ဆိုရင် အထူးစီးပွားရေးဇုန်လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်စဉ်မှစ၍ အခုအချိန်အထိ လုပ်ငန်းတိုင်းအဆင့်တိုင်းကို နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒသဘောထားများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိတဲ့အပြင် သက်ဆိုင်သူများ အားလုံးပါဝင်နိုင်တဲ့နည်းလမ်း၊ ပြည်သူလူထုရဲ့သဘောထားကို အခြေခံတဲ့နည်းလမ်း၊ သက်ဆိုင်တဲ့ မိတ်ဖက်အဖွဲ့ပေါင်းစုံနှင့် ဆွေးနွေးတိုင်ပင်တဲ့ နည်းလမ်း၊ ပွင့်လင်းမြင်သာတဲ့ နည်းလမ်း၊ တာဝန်ခံနိုင်တဲ့နည်းလမ်းစသည့် နည်းလမ်းများဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ တွက်ချက်ထား၊ စီမံထားပုံအနေနဲ့ အခုလက်ရှိလုပ်ဆောင်နေတဲ့ ဒေသတစ်ခုလုံးလွှမ်းခြုံတဲ့ မဟာစီမံချက် (Regional Master Plan) ရေးဆွဲခြင်းလုပ်ငန်းများ၌ စီမံကိန်းမြေနေရာများ လျာထားသတ်မှတ်နိုင်ရန်ဖြစ်နိုင်ခြေရှိ/မရှိ ဆန်းစစ်မှုများလုပ်ဆောင်တဲ့အဆင့်မှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်အတွက် ပြင်ဆင်တွက်ချက်မှုများအနေနဲ့ အထူးစီးပွားရေးဇုန် တည်ဆောက်မည့် နေရာများအား ကန့်သတ်တားမြစ်တဲ့ နေရာများဖြစ်သော သစ်တောဧရိယာနှင့် ဒီရေရောက်သစ်တောများကို ချန်လှပ်ထားခြင်း၊ သဘာဝမိုးရေများထိန်းသိမ်းသိုလှောင်ထားနိုင်တဲ့ နေရာများနှင့် ရေရရှိနိုင်တဲ့ အရင်းအမြစ်နေရာများကို သတ်မှတ်ကာကန့်သတ်ထိန်းသိမ်းထားခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများဆောင်ရွက်ရန် အလားအလာကောင်းတဲ့နေရာများဖြစ်တဲ့ပင်လယ်ကမ်းခြေများ၊ ရွှံ့မီးတောင်အနီးနေရာများ၊ စိုက်ပျိုးပန်းမန်ရှုခင်းအလှများရရှိနိုင်တဲ့ နေရာများကို ချန်လှပ်ထိန်းသိမ်းထားခြင်း၊ မြေပြိုမှုများမှ ရှောင်ရှားနိုင်ရန်အတွက် မြေပြန့်များအား ရွေးချယ်ကာ အထူးစီးပွားရေးဇုန်တည်ဆောက်ရန် သင့်တော်သောနေရာများကို ရွေးချယ်ခြင်း၊ သာသနိက အဆောက်အဦနေရာများ၊ ကျေးရွာသုသာန်မြေနေရာများကို ချန်လှပ်ထားရှိပြီး မဟာစီမံချက် (Master Plan) အား ကွင်းဆင်းလေ့လာ၍ စနစ်တကျရွေးချယ် ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ လိုအပ်ချက်များပြားသော သို့မဟုတ် ပတ်ဝန်းကျင်

ထိန်းသိမ်းခြင်းဆိုင်ရာ အားနည်းသောကုမ္ပဏီများကို လုပ်ကိုင်ခွင့်မပြုရန် စိစစ်ဆောင်ရွက်ခြင်းတို့ ရွေးချယ်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

အသေးစိတ် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအကျိုးသက်ရောက်မှု လေ့လာဆန်းစစ်ခြင်း အပြည့်အစုံကို ရင်းနှီးတည်ဆောက်သူ (Developer) များမှ စီမံကိန်းများ အဆိုပြုတဲ့အခါ တင်ပြကြရမှာဖြစ်သကဲ့သို့ သက်ဆိုင်ရာများရဲ့ ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့်ပတ်သက်၍ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခြင်း၊ အလုပ်လက်မဲ့မြင့်မားခြင်းကို လျှော့ချလာနိုင်ပြီး ဒေသခံများ၊ နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည့်အပြင် ၎င်းတို့၏ မိသားစုများပါ စီးပွားရေးအဆင်ပြေလာနိုင်ခြင်း၊ ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများအနေဖြင့် ၎င်းတို့တတ်သိနားလည်သော အတွေ့အကြုံ အသိပညာများဖြင့် မိမိနိုင်ငံသို့ပြန်လာကာ အလုပ်လုပ်ကိုင်နိုင်တဲ့ အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခြင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု မဟာဗျူဟာကို ပိုမိုကျယ်ပြန့်လာစေရေးအတွက် အထောက်အပံ့ဖြစ်လာနိုင်ခြင်း၊ မူဝါဒအသစ်၊ ချဉ်းကပ်မှုအသစ်များအတွက် လက်တွေ့စမ်းသပ်ခန်းသဖွယ် ဆောင်ရွက်ကာ စီးပွားရေးမူဝါဒသစ်များ ချမှတ်ရာမှာ အထောက်အပံ့ရလာနိုင်ခြင်း၊ ဥပမာအားဖြင့် လက်ရှိအဆိုပြုထားသော အကောင်အထည်ဖော်ဆောင်ရွက်မည့် စက်မှုဥယျာဉ်စီမံကိန်း (Industrial Park) တစ်ခုတည်းမှ လျာထားချက်စက်ရုံ၊ အလုပ်ရုံ ၁၁၈ ရုံခန့်တွင် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၂၄၀၀ ခန့် ဖန်တီးနိုင်ခြင်းစတဲ့ လူမှုရေး/စီးပွားရေးအကျိုးရလဒ်များ ရရှိနိုင်မယ်လို့ ခန့်မှန်းတွက်ချက်ထားပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းဟာ ၂၀၄၅ ခုနှစ်အထိ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများချမှတ်ကာ စီစဉ်ထားပါသဖြင့် စီမံကိန်းများအလိုက် ရွေးချယ်ထားတဲ့ စက်မှုလုပ်ငန်းများမှာ ကျောက်ဖြူဒေသအပါအဝင် မြန်မာနိုင်ငံ ကုန်းတွင်းပိုင်းဒေသများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများအား လမ်းဖွင့်ပေးခြင်းဖြင့် တစ်နိုင်လုံးအတိုင်းအတာအထိ အလုပ်အကိုင် အခွင့်အလမ်းများ များစွာရရှိကာ လူမှုရေး၊ စီးပွားရေးအကျိုးရလဒ်များကို မျှဝေခံစားနိုင်မှာဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ မေးခွန်းလေးတစ်ခုပဲ ပြန်မေးချင်ပါတယ်။ ကျွန်မမေးခွန်းသုံးခုထဲမှာ ဒုတိယမေးခွန်းက စီမံကိန်းနှင့်ပတ်သက်၍ ရရှိနိုင်မည့်အကျိုးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုဆိုင်ရာ တွက်ချက်ထားပုံဆိုတာ

ကျွန်မဆိုလိုတာလေး ပြန်ပြောပါ့မယ်။ ခုနက ဝန်ကြီးတင်ပြသွားတာ အလွန်ပဲကောင်းပါတယ်။ စီမံကိန်းအဆင့်ဆင့်တွေကလည်း သိပ်ကောင်းပါတယ်။ ဒီ Conceptual Plan ကလည်း ကောင်းပါတယ်။ ကျွန်မကတော့ ဒီစီမံကိန်းနဲ့ပတ်သက်ပြီးတော့ လောလောဆယ် Existing Environment ရဲ့ impact ကိုသိချင်ပါတယ်။ နောက်တစ်ခုက Potential Impact ဘာဖြစ်နိုင်မလဲ သိချင်ပါတယ်။ အထူးအားဖြင့်ကတော့ Management Environment Plan ဆွဲရမှာပါ။ Management Environment Plan အရ ဒီပတ်ဝန်းကျင်ထိန်းသိမ်းမှုနဲ့ဆိုင်တဲ့ ဝန်ကြီးဌာနပါရမှာပါ။ ကျွန်မမျက်စိလျှမ်းသွားလားတော့ မသိပါဘူး။ သစ်တောနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို မတွေ့မိပါဘူး။ အဲ့ဒီတော့ Master Plan ကျွန်မပြောတဲ့ ဒီ Management Environment Plan ဆွဲမယ်ဆိုရင် Plan အတိုင်းလိုက်နာဖို့က သက်ဆိုင်ရာပတ်ဝန်းကျင်နဲ့ဆိုင်တဲ့ ဝန်ကြီးဌာနကနေပြီးတော့ အဲ့ဒီအတိုင်းထိန်းသိမ်းရမှာပါ။ အခုနက ဥပဒေမှာ ကျွန်မပြောပါတယ်။ စံချိန်စံညွှန်းမမီသော ဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းကိစ္စကဲ့သို့ ဒီရင်းနှီးမြှုပ်နှံနေတဲ့လူတွေဟာလည်း ကိုယ့်စွန့်ပစ်ပစ္စည်းဟာ အဲ့ဒီသတ်မှတ်ထားတဲ့ Norm တွေ၊ Standard တွေ လုပ်ဖို့လိုပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် ဒီကျောက်ဖြူစီမံကိန်းထဲမှာ ဘာတွေကဖြတ်သွားမှာလည်းဆိုရင် ရေနံဓာတ်ငွေ့ပိုက်လိုင်းပေါက်တဲ့ပြဿနာဘယ်လိုလုပ်မလဲ။ တကယ်လို့ ယိုစိမ့်ထွက်ခဲ့လျှင်၊ နောက်တစ်ခုက ကျောက်ဖြူကနေပြီးတော့ ဒီမူဆယ်ကနေပြီးတော့ တရုတ်ပြည်အထိ ဖောက်မယ့်ရထားလမ်း၊ ကားလမ်းတွေ ဒီထဲကဖြတ်သွားတာ ရှိပါတယ်။ အဲ့ဒီတော့ ကျွန်မတို့ ငြိမ်းခဲ့တဲ့ သင်ခန်းစာယူဖို့ စံပယ်တောင်မှာ ချိုင့်ကြီးဖြစ်သွားရော။ ချိုင့်ကြီးဖြစ်အောင် တူးပစ်လိုက်တဲ့အခါကျတော့ ရေတွေနဲ့ အက်စစ်တွေနဲ့ထိပြီးတော့ ကြေးနီနဲ့ ဓာတ်ပြုတဲ့ အက်စစ်ရည်တွေက စီးဆင်းပြီးတော့ ယမားချောင်းကိုရောက်၊ ယမားချောင်းကနေ ချင်းတွင်းမြစ်ကိုရောက်၊ ချင်းတွင်းကနေပြီးတော့ ဧရာဝတီထိခိုက်ခဲ့တာ နမူနာရှိခဲ့ဖူးပါတယ်။ အဲ့ဒီလို ပတ်ဝန်းကျင်နဲ့ပတ်သက်လို့ ထိခိုက်မှုတွေဖြစ်မှာစိုးလို့ Norm and Standard တွေကို Monitoring လုပ်နိုင်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနက အရေးတကြီးလိုတယ်လို့ မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုရင်တော့ ကျွန်တော်တို့ အထူးစီးပွားရေးဇုန်ရဲ့ အခုနက တင်ပြခဲ့တဲ့အတိုင်းပဲ ပြည်သူလူထုထဲမှာ ကျွန်တော်တို့ ချပြပြီးတော့မှ တောက်လျှောက်အစဉ်အဆက် ၂၀၁၂ ခုနှစ်ကနေစပြီးတော့ တောက်လျှောက်လုပ်လာခဲ့တဲ့ ပြည်သူလူထုနဲ့ပူးပေါင်းပြီးတော့ ဆွေးနွေး

လာခဲ့တဲ့ Workshop တွေရဲ့ Outcome တွေမှာ ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တော်တော်လေး ပြည်သူလူထုက အလေးထားပြီးတော့ အခု ဒေါ်တင်နွယ်ဦး တင်ပြသလိုပဲ တော်တော်လေးတင်ပြ ကြပါတယ်။ အဲ့ဒီအတွက်လည်းပဲ လက်ရှိ ကျွန်တော်တို့ ရွေးချယ်ထားတဲ့ Consulting Firm ကို လည်းပဲ Environmental Management Plan ကို ထည့်ပြီးတော့ ကျွန်တော်တို့ ရေးဆွဲ ခိုင်းထားပါတယ်။ ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့ စီမံချက်ကိုရေးဆွဲသလိုပဲ တစ်ဖက်က အဲ့ဒီ ရေးဆွဲတဲ့နေရာမှာ အဲ့ဒီ Consulting Firm တစ်ခုတည်းက ကျွန်တော်တို့ ဆွဲတာမဟုတ်ပါဘူး။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကလည်း ကျွန်တော်တို့နဲ့ တစ်ပါတည်း ပေါင်းစပ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့အနေနဲ့ တကယ့် တကယ်ကျတော့ လည်းပဲ ကျွန်တော်တို့ရဲ့ အထူးစီးပွားရေးဇုန်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေ ဖြစ်သော အထူးစီးပွားရေးဇုန်ဖြစ်ရမယ်ဆိုတဲ့ နာမည်ကိုလည်း ကျွန်တော်တို့ တပ်ထားပါတယ်။ Environmental Friendly SEZ ဆိုပြီးတော့ နာမည်တပ်ထားပါတယ်။ နိုင်ငံတကာကိုလည်း Press တွေ ဒီအတိုင်း လုပ်ထားပါတယ်။ အဲ့ဒါနဲ့လျော်ညီအောင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနနဲ့ ပေါင်းစပ်ပြီးတော့ ကျွန်တော်တို့ အခု EMP ကို ရေးဆွဲပြီးတော့ လုပ်နေပါတယ်။ တစ်ဖက်ကလည်းပဲ လတ်တလောကိုပဲ ကျွန်တော်တို့က ဒေသမှာဖြစ်ထွန်းတဲ့ သစ်တောတွေ ကျွန်တော် တို့က Reforestation လုပ်ဖို့၊ နောက်တစ်ခါ အခုနက Mangrove သစ်တောတွေကိုလည်းပဲ ဒီရေ ရောက်သစ်တောတွေကိုလည်းပဲ Reforestation လုပ်ဖို့၊ ဒီအတွက်လည်းပဲ ကျွန်တော်တို့က ကြိုတင် ပြီးတော့ အခုကိုပဲ ကျွန်တော်တို့က ပျိုးပင်တွေ သိန်းပေါင်းများစွာ ပျိုးနေပါပြီ။ ဒါတွေကလည်း Reforestation တွေမှာ တစ်ဧကစိုက်ရင် တစ်ဧက Industrial လုပ်ရင် ဒီအထူးစီးပွားရေးဇုန်လုပ်ရင် တစ်ဧက ပြန်လုပ်ပေးရမယ်။ ဒီအစီအမံနဲ့ ကျွန်တော်တို့ လုပ်နေတာဖြစ်ပါတယ်။ ဒါက ပတ်ဝန်းကျင် နဲ့ပတ်သက်ပြီတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနဲ့ ပေါင်းလုပ်နေတဲ့ အစီအမံတွေဖြစ်ပါတယ်။

ကျန်တဲ့ ဥပမာ ဒီနေရာဟာ ရေနက်ဆိပ်ကမ်းတွေကို အဓိကထား အားထားပြီးတော့လုပ်မယ့် အထူးစီးပွားရေးဇုန်ဖြစ်ပါတယ်ခင်ဗျား။ အဲ့ဒီအတွက် ခုနက ဒေါ်တင်နွယ်ဦး တင်ပြသွားတဲ့အချက် ကလည်း ကျွန်တော်တို့ တော်တော်လေး သတိထားနေတဲ့အချက်တွေဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဒါနဲ့ပတ်သက်လို့ကတော့ ရေနက်ဆိပ်ကမ်းများမှာ လိုက်နာရမယ့်သူရဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ လက်ရှိ အဲ့ဒီမှာရှိနေတဲ့ ရေနံရေနက်ဆိပ်ကမ်းကိုပဲ လက်ရှိ Operate ဖြစ်တဲ့အဆင့်

မရှိသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခုနက ဒေါ်တင်နွယ်ဦး ဆွေးနွေးတဲ့အတိုင်းပဲ ဒီရေနံရေနက်ဆိပ်ကမ်းများ၊ Commercial စီးပွားရေးရေနက်ဆိပ်ကမ်းများ လိုက်နာရမယ့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအားလုံးနဲ့ ညီညွတ်မှသာလျှင် သူတို့ ဒါ Operate လုပ်တဲ့အဆင့်ကို လုပ်ခိုင်းမယ့် အနေအထားရှိပါတယ်။ ဆက်ပြီးတော့လည်းပဲ ဒီဒေသရဲ့ထူးခြားချက်အရ ရေနက်ဆိပ်ကမ်းများပေါ်မှာ မှီခိုပြီးလုပ်ရမယ့် အထူးစီးပွားရေးဇုန်ဖြစ်တဲ့အတွက် ဒါတွေကိုလည်းပဲ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညီညွတ်မှသာလျှင်၊ နိုင်ငံတကာလုပ်ထုံး လုပ်နည်းများနှင့်ညီညွတ်မှသာလျှင် ခွင့်ပြုဆောင်ရွက်သွားပါမယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခု ဦးမြင့်သိန်း၊ ရထားပို့ဆောင်ရေး ဒုတိယဝန်ကြီးက အခုလိုလာရောက်ရှင်းလင်းတင်ပြတာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ကိုယ်စားလား။ သို့မဟုတ်လို့ရှိရင် ဘယ်အဖွဲ့အစည်းရဲ့ကိုယ်စား တင်ပြတာဖြစ်ပါသလဲ။

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ မေးခွန်းများကို ကျွန်တော်အခု လာရောက်တင်ပြတာကတော့ ကျောက်ဖြူအထူးစီးပွားရေးဇုန် ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအရ ကျွန်တော် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌအဖြစ် ဗဟိုအဖွဲ့ကနေ ဖွဲ့စည်းထားတဲ့အတွက် ဖွဲ့စည်းမှုအရ၊ တာဝန်အရ ကျွန်တော် လာရောက်တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖွဲ့စည်းမှုတာဝန်မှာ ဦးမြင့်သိန်းက ဘာတာဝန်ပါလဲ။

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်က ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌတာဝန် ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက်လည်း ကျွန်တော်တို့အားလုံး ယခင်ထက်ပို၍ သိခွင့်ရပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်တဲ့အကြံဉာဏ်တွေ ပူးပေါင်းဆောင်ရွက်မှုတွေလည်း ပို၍ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီနေ့ ခုနက ကျန်းမာရေးဝန်ကြီး ဆရာကြီး ဒေါက်တာဖေသက်ခင်အနေနဲ့လည်း အခုလိုရှင်းလင်းတင်ပြသွားတဲ့အတွက် အများကြီး ကျွန်တော်တို့ သိရှိခွင့်ရပြီးတော့ လိုအပ်တဲ့ပူးပေါင်းဆောင်ရွက်မှုကိုလည်း ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီအတိုင်းပဲ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြချင်တာက ကျွန်တော်တို့ လွှတ်တော်များဖွဲ့စည်းပေါ်ပေါက်လာပြီးနောက်ပိုင်းမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းတွေ၊ အဆိုတွေ၊ အခြားဆွေးနွေးချက်များကြောင့် ကျန်းမာရေးဝန်ကြီးဌာနတို့၊ ပညာရေးဝန်ကြီးဌာနတို့ အပါအဝင်

ကျန်တဲ့ဝန်ကြီးဌာနများဟာလည်း လုပ်ပေးနိုင်တဲ့ကိစ္စများကို တော်တော်များများလုပ်ပေးနိုင်ခဲ့ပါတယ်။ သို့ရာတွင် တော်တော်များများဆိုပေမယ့်လို့ ရာနှုန်းပြည့်တော့လည်း လုပ်ပေးနိုင်ဦးမှာ မဟုတ်ပါဘူး။ ဥပမာအားဖြင့် ကျန်းမာရေးဝန်ကြီးဌာနနဲ့ပတ်သက်ပြီးတော့ ကျွန်တော်မှတ်မိပါတယ်။ ကယားပြည်နယ်၊ ရှားတောမြို့မှာ ဆရာဝန်မရှိတဲ့ကိစ္စ ဒီထဲမှာပဲ တစ်ခါတည်း ဒေါ်နန်းနွံ တင်ပြလိုက်တဲ့အခါမှာ ဆရာဝန်ရောက်ရှိစေရေးအတွက်လည်း ချက်ချင်းဆိုသလိုပဲ ဆောင်ရွက်ပေးနိုင်တာရှိပါတယ်။ အခြားလည်း ဥပမာတွေအများကြီးရှိပါတယ်။

ဒါကြောင့် လွှတ်တော်များ ပေါ်ပေါက်လာပြီးနောက်ပိုင်းမှာ ပြည်သူ့ကိုယ်စားလှယ်များရဲ့ မေးခွန်းတွေ၊ အဆိုတွေ၊ အကြံပြုချက်တွေအပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအုပ်ချုပ်ရေးအဖွဲ့များကလည်း တတ်နိုင်သမျှ ဆောင်ရွက်ပေးခဲ့တာရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့ကိုယ်စားလှယ်များလည်း မိမိတို့ရဲ့တာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်သလို တစ်ဖက်ကလည်း ဒီလိုဖြည့်ဆည်းပေးတဲ့အတွက် ကျေးဇူးတင်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ အခု ဒီစကားလေးပြောတဲ့အကြောင်းက တခြားမဟုတ်ပါဘူး။ ကျန်းမာရေးဝန်ကြီးဌာနက မွေးထုတ်ပေးထားတဲ့၊ ဝန်ကြီးရဲ့အပြောဆိုလို့ရှိရင် Trainer ရှိတယ်။ Training ရှိမယ်။ နောက် Regulator ရှိမယ်။ Regulation အပိုင်းတွေရှိမယ်။ ပြီးတဲ့အခါမှာ Employer တွေရှိမယ်။ အဲ့ဒီတော့ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်လုပ်မွေးဖွားပေးလိုက်တဲ့ ဆရာဝန်တွေ ပြီးခဲ့တဲ့နှစ် ၂၀၁၂-၂၀၁၃ မှာ အများကြီးပုံနေတယ်။ သို့ရာတွင် အလုပ်မခန့်ထားနိုင်ဘူး။ ဒီအတွက် ကျန်းမာရေးမြှင့်တင်မှုကော်မတီရယ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ရှိသူများနှင့် ကျွန်တော့်ရုံးမှာပဲ အစည်းအဝေးညှိနှိုင်းမှုပြုလုပ်ပါတယ်။ ပြုလုပ်တဲ့အခါမှာ အဲ့ဒီနောက်ပိုင်း လပိုင်းအတွင်းမှာပဲ ကျွန်တော်မှတ်မိပါတယ်။ ဆရာဝန် ၁၅၀၀ နှစ်သုတ်ခွဲပြီးတော့ သင်တန်းတွေပေးနိုင်တဲ့အတွက် ဒီနေ့ ဝန်ကြီးစီမံသလိုပေါ့။ ဆရာဝန်များ နိုင်ငံအတွင်းမှာ ခန့်ထားနိုင်ဖို့အခွင့်အရေးပေးခဲ့ပါတယ်။

ဒါဘာလဲဆိုတဲ့အခါမှာ လွှတ်တော်ပေါ်ပေါက်လာပြီး လွှတ်တော်၊ လွှတ်တော်မှာရှိတဲ့ ကော်မတီများ၊ သက်ဆိုင်တဲ့ ဝန်ကြီးဌာနများနဲ့ ညှိနှိုင်းဆောင်ရွက်နိုင်တဲ့ အကျိုးကျေးဇူးဖြစ်ပါတယ်။ အဲ့ဒီကမှ အခု ဆရာကြီးတင်ပြသလို Trainer အပိုင်းရှိမယ်။ နောက်ပြီးတော့ Regulation အပိုင်းရှိမယ်။ Employer အပိုင်းရှိမယ်။ အဲ့ဒီတော့ အခုလို နှေးကွေးကြန့်ကြာနေတဲ့ကိစ္စဟာ Regulation အပိုင်းပါ။ Regulator အပိုင်းလား။ သဘောကတော့ ဆရာကြီးတင်ပြသွားတာ Regulation အပိုင်းကတော့ ကျန်းမာရေးကောင်စီပေါ့နော်။ ဆေးကောင်စီပေါ့။ ဆေးကောင်စီပိုင်းကဖြစ်နိုင်ပါတယ်။ နောက်တစ်ခါ

ဒီ Employer အပိုင်းကျတဲ့အခါကျတော့ Employer နဲ့ဆက်စပ်နေတဲ့ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ Plus နောက် ခုနက ဆရာကြီးတို့ဌာနပေါ့။ သို့မဟုတ်လို့ရှိရင် ပြင်ပဌာန။ ဒါကြောင့်မို့လို့ အခုလိုဖြစ်နေတဲ့ ကိစ္စဟာ ဘယ်ဟာကြောင့်ဖြစ်နေသလဲ။ ပြန်လည်သုံးသပ်ဖို့လိုပါတယ်။ အဲ့လိုသုံးသပ်တဲ့အခါမှာ ကျန်းမာရေးမြှင့်တင်မှုကော်မတီရော၊ ကျွန်တော်တို့ လွှတ်တော်မှာဖွဲ့စည်းထားတဲ့ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီသည် ထပ်ပြီး တာဝန်ပေးထားတာ ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့လည်း သက်ဆိုင်တဲ့ကိစ္စရပ်ဖြစ်တယ်။ ဒါတွေ ကျွန်တော်တို့ ညှိနှိုင်းတိုင်ပင်လိုက်မယ်ဆိုရင် ကောင်းတဲ့အဖြေတစ်ခုရနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ခြင်းဖြင့် ကောင်းတဲ့အဖြေရပြီးတဲ့အခါမှာ ကျန်းမာရေးဝန်ထမ်းများအတွက်ကော၊ ဆရာဝန်သစ်လွင်မောင်မယ်များအတွက်ကော၊ ကျွန်တော်တို့နိုင်ငံအတွက်ကော များစွာအဆင်ပြေနိုင်မှာဖြစ်တဲ့အတွက် ဒါကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးခြင်းအားဖြင့် ပိုအဆင်ပြေမယ်လို့ထင်ပါတယ်။ အဲ့ဒီမှာ ခုနက ရာထူးဝန်ဆိုတာလည်း ပါပါတယ်။ ရာထူးဝန်နဲ့ပတ်သက်လို့ ရာထူးဝန်အဖွဲ့ရဲ့ဆောင်ရွက်မှုဟာလည်း ရာထူးဝန်ဥပဒေအရဖြစ်ပါတယ်။ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေအပိုင်းမှာ ဘာတွေများ ကျွန်တော်တို့ ဖြေလျှော့ဖို့လိုလဲ။ ဘာတွေများတင်းဖို့လိုလဲ။ အဲ့ဒီအတိုင်းပဲ Regulator, Regulation အပိုင်းမှာရှိတဲ့ ဆေးကောင်စီအပိုင်းမှာလည်း ဘာတွေများလုပ်ဖို့လိုအပ်သလဲ။ ဒါတွေလည်း ပြန်ပြီးကြည့်ပေးရမယ့် သဘောဖြစ်ပါတယ်။ ကျွန်တော်တင်ပြချင်တာက ဘာပဲဖြစ်ဖြစ် အခုလိုပြုပြင်ပြောင်းလဲတဲ့ ခေတ်ကာလမှာ ပြုပြင်ပြောင်းလဲနိုင်တဲ့ အခွင့်အရေးရှိတုန်း ကျွန်တော်တို့တွေ ဒီအချိန်မှ မလုပ်ဘူးဆိုရင် တဖြည်းဖြည်းတဖြည်းဖြည်းကြန့်ကြာပြီးတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံရဲ့တိုးတက်ဖွံ့ဖြိုးမှုများဟာ နှေးကွေးနေဦးမှာဖြစ်ပါတယ်။ ဒီနေ့တော့ အားလုံးအသိပဲ ကျွန်တော်တို့နိုင်ငံရဲ့ အထူးလိုအပ်ချက်က ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ ပညာရေးမြှင့်တင်မှုကဏ္ဍ အရေးကြီးတဲ့အတွက် တာဝန်ရှိတဲ့ပုဂ္ဂိုလ်များဆိုတဲ့အခါမှာ အစိုးရအဖွဲ့အစည်းကိုတင်ဆိုလိုတာမဟုတ်ပါဘူး။ ကျွန်တော်တို့ လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ကော်မတီများရော၊ လွှတ်တော်ကိုယ်စားလှယ်များပါ တာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့ အားလုံးပူးပေါင်းဆောင်ရွက်ကြဖို့အတွက် ကျွန်တော်တို့ လွှတ်တော်ထဲမှာတော့ အသင့်ရှိပါတယ်။ ကော်မတီဘက်မှာလည်း အသင့်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စကိုလည်း ခုနက ကျွန်တော်တင်ပြတဲ့ ကော်မတီများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ညှိနှိုင်းဆောင်ရွက်ပေးပါလို့ ကျွန်တော့်အနေနဲ့ တင်ပြအကြံပြုလိုပါတယ်။

**အချိန်၊ ၁၁း၁၀။**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်၊ ၁၁း၅၀**။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးဝင်းနိုင်၊ ရွှေကူမဲဆန္ဒနယ်က ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ပေါက်နက်ရေလှောင်တမံစီမံကိန်းကို ယခုအစိုးရလက်ထက်တွင် အပြီးသတ်တည်ဆောက်ပေးရေးနှင့် ပထမဦးစားပေးအနေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်ရေပေးရေးမြောင်းများကို စက်ယန္တရားများဖြင့် တူးဖော်တည်ဆောက်ပေးရေး နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးဝင်းနိုင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းနိုင်(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းပြီး နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ပေါက်နက်ရေလှောင်တမံစီမံကိန်းကို ယခုအစိုးရ လက်ထက်တွင် အပြီးသတ်တည်ဆောက်ပေးရေးနှင့် ပထမဦးစားပေးအနေဖြင့် စိုက်ပျိုးရေရရှိရေး အတွက် ဆည်ရေပေးရေးမြောင်းများကို စက်ယန္တရားဖြင့် တူးဖော်တည်ဆောက်ပေးရေး နိုင်ငံတော် အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ပေါက်နက်ချောင်းရေလှောင်တမံကို ၁၉၆၇-၁၉၆၈ ခုနှစ်မှ စတင်ဆောက်ရွက်ခဲ့ပြီး ၁၉၈၈ ခုနှစ် အရေးအခင်းကာလမှစပြီး လုပ်ငန်းရပ်ဆိုင်းခဲ့ပါတယ်။ တပ်မတော်အစိုးရလက်ထက် ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှစ၍ ဆည်မြောင်းဦးစီးဌာနမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၉-၂၀၁၀ ခုနှစ်အထိ ဆောင်ရွက်ခဲ့သော်လည်း လုပ်ငန်းပြီးစီးမှုမှာ ၂၅.၁၂ ရာခိုင်နှုန်းသာ ပြီးစီးခဲ့သည်ဟု သိရှိရပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ယခုအချိန်ထိ ငွေကျပ် ၁၅၇၆.၉၅၃ သန်းကုန်ကျခဲ့ပြီး လုပ်ငန်းမှာ ၂၇.၂၃ ရာခိုင်နှုန်းသာပြီးစီးသဖြင့် ၂၀၁၅ ခုနှစ်တွင် အပြီးသတ်ရန် လျာထားသော်လည်း ယခုပုံစံနှုန်းထား အတိုင်းသာ ဆောင်ရွက်နေမည်ဆိုလျှင် ပြီးပြတ်မည်မဟုတ်ပါ။ ပေါက်နက်ချောင်းရိုးတစ်လျှောက် တိမ်ကောပြီး သဲနုန်းများဖုံးအုပ်လာခြင်းကြောင့် စိုက်ပျိုးရေများ ရရှိရေးပိုမိုခက်ခဲလာခြင်းဖြစ်ပါတယ်။ ပေါက်နက်ချောင်းရေဖြင့် စိုက်ပျိုးနေသော ကျေးရွာခြောက်အုပ်စု၊ ကျေးရွာပေါင်း ၁၀ ရွာမှ စပါး စိုက်ဧက ၄၄၀၆ ဧက သောက်သုံးလျက်ရှိပါတယ်။ ပေါက်နက်ချောင်း(ရေပေးချောင်း)အရှည်မှာ ၇ မိုင်ခန့်ရှိပြီး ချောင်းဖျားတွင် အကျယ်ပေ ၃၀၀၊ ချောင်းအလယ်ပိုင်း စီမော်၊ စီမူလေး၊ နန့်လန်ရွာ များတွင် ချောင်းအကျယ် ၅ ပေ၊ ၆ ပေခန့်သာရှိပါတယ်။ ချောင်းရိုးအောက်ဘက်ပိုင်းဖြစ်သော ဝင်ဝရွာ၊ နောက်လက်ကြီးရွာတို့တွင် ချောင်းအကျယ် ၂ ပေ၊ ၃ ပေသာရှိသဖြင့် တောင်ကျ ရေကျ လာချိန်တွင် လယ်များကန်သင်းကျိုးပြီး သဲနုန်းများဖုံးလွှမ်းပျက်စီးလေ့ရှိပါတယ်။ ချောင်းအနက်မှာ အချို့နေရာများတွင် ၅ ပေ၊ ၆ ပေခန့်အနက်ရှိပြီး အချို့နေရာများ၌ ၁ ပေ၊ ၂ ပေခန့်သာ အနက်ရှိပါ တယ်။ စက်ယန္တရားများဖြင့် ချောင်းရိုးတစ်လျှောက်၊ ရေစီးလာမှုမြောင်းရိုး တစ်လျှောက်တူးဖော်ပေး မှသာလျှင် လယ်ယာစိုက်ပျိုးရေများ အောင်မြင်စွာရရှိလာမှာ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ မေလ ၁၂ ရက်နေ့နှင့် ၂၁ ရက်နေ့များတွင် စီသာတိုက်နယ်ရှိ မဲဆန္ဒရှင်ပြည်သူများ၊ တောင်သူများနှင့်တွေ့ဆုံ ပွဲပြုလုပ်ခဲ့ကြရာ ပေါက်နက်ချောင်း မြောင်းတူးဖော်ပေးရေးလုပ်ငန်းကိုသာ တစိုက်မတ်မတ် တင်ပြ တောင်းဆိုလာကြပါတယ်။ သို့ပါ၍ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ပေါက်နက် ရေလှောင်တမံစီမံကိန်း ကို ယခုအစိုးရလက်ထက်တွင် အပြီးသတ်တည်ဆောက်ပေးရေးနှင့် ပထမဦးစားပေးအနေဖြင့် စိုက်ပျိုး ရေရရှိရေးအတွက် ဆည်ရေပေးရေးမြောင်းများကို စက်ယန္တရားဖြင့် တူးဖော်တည်ဆောက်ပေးရေး

နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ထွန်း(မိုးမောက်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ပေါက်နက်ချောင်းရေလှောင်တမံဟာ ဆောင်ရွက်ထားသည့်ကိစ္စမှာလည်း အချိန်ကြာမြင့်နေပြီဖြစ်တာတစ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေ ကလည်း ကုန်ထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့ ပြီးစီးအောင်ပထမဦးစားပေးအစီအစဉ်အဖြစ်ထည့်သွင်း စဉ်းစားဆောင်ရွက်သင့်ကြောင်း ကျွန်တော့်အနေဖြင့် ဦးဝင်းနိုင်၊ ရွှေကူမဲဆန္ဒနယ်၏အဆိုကို ထောက်ခံ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည် ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရဲ့ အဆိုတင်သွင်းမှုအပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဦးခင်ဇော် ဒုတိယဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင် ရွှေကူမြို့နယ်ရှိ ပေါက်နက်ရေလောင်တမံစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၃ ခုနှစ်မှစ၍ စီမံကိန်းအသွင်ဖြင့် စတင်ဆောင်ရွက်ခဲ့သော်လည်း နယ်မြေအခြေအနေနှင့် ရန်ပုံငွေရရှိမှုအခြေအနေ အရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကုန်အထိ စီမံကိန်းတစ်ခုလုံး၏ ၂၇.၅၈ ရာခိုင်နှုန်းသာ ဆောင်ရွက် နိုင်ခဲ့ပါတယ်။ ယခုလက်ရှိအခြေအနေတွင် ရေအားအဆောက်အအုံများဖြစ်သော ရေထုတ်ပွန်နှင့် ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းများမှာ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးထားပါတယ်။ တမံမြေဖို့ခြင်း လုပ်ငန်းမှာ ၇ ရာခိုင်နှုန်းခန့်သာပြီးစီးပါတယ်။ အဓိကကျန်ရှိနေတာကတော့ မြေသားတမံ တည်ဆောက်ခြင်းနှင့်ပတ်သက်ပြီးတော့ လုပ်ငန်းအစီအစဉ်အရ တမံရဲ့အုတ်မြစ်ပြုပြင်တည်ဆောက် ခြင်းလုပ်ငန်းကို ဆောင်ရွက်ရမှာရှိပါတယ်။

**မူကြမ်း**

ဒါနဲ့ပတ်သက်ရင် အချိန်အားဖြင့် တစ်နှစ်ယူပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တမံမြေဖို့ခြင်း လုပ်ငန်း၊ မြေကြီးကျင်းပေါင်း ၇ သိန်းရှိပါတယ်။ ဒါကိုတည်ဆောက်ဖို့ဆိုရင် ဆက်တိုက်တည်ဆောက်နိုင်မှ အနည်းဆုံးနှစ်နှစ် တည်ဆောက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခြေအနေပေးမှုအပေါ်မှာ ဒီတမံတည်ဆောက်မှုကိုဆောင်ရွက်မယ်ဆိုရင်တော့ အနည်းဆုံး သုံးနှစ်ဆောင်ရွက်ရမှာ လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ မူလပြီးစီးရန်လျာထားသော ၂၀၁၅ ခုနှစ်တွင် မပြီးစီးနိုင်ပါကြောင်း ရှေးဦးစွာ တင်ပြအပ်ပါတယ်။ အဖက်ဖက်မှ အခြေအနေပေးမှုအပေါ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်အရ လိုအပ်တဲ့ရန်ပုံငွေများကို တင်ပြပြီး အပြည့်အဝ စဉ်ဆက်မပြတ် ခွဲဝေရရှိမှသာလျှင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြလာတဲ့ ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးစေလိုသော စိုက်ပျိုးရေရရှိရေးနှင့်ပတ်သက်၍ တိမ်ကောနေသော ပေါက်နက်ချောင်းကို နမ့်လန်ကျေးရွာမှ ဝင်းဝကျေးရွာအထိ အလျားပေ ၁၁၀၀၀ ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စတင်တူးဖော်ပေးခြင်းနှင့်အတူ အမှန်ကျန်လိုအပ်တဲ့ ရေပေးမြောင်းများကိုလည်း ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျွန်တော်၏ ဖြေကြားချက်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ရဲ့သဘောထား၊ နောက် ဦးဝင်းနိုင်ရဲ့သဘောထား သိဖို့လိုပါတယ်။ အဲဒီတော့ ဦးဝင်းနိုင်ရဲ့တင်သွင်းတဲ့ အဆိုနဲ့ပတ်သက်တဲ့ သဘောထားအပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားတာနဲ့ပတ်သက်လို့ ဦးဝင်းနိုင်ကိုမမေးခင် ကျွန်တော် ဒီတင်ပြချက်ပေါ်မူတည်ပြီးတော့ တွေ့ရှိတာလေးကို လွှတ်တော်ကိုယ်စားလှယ်များ သုံးသပ်နိုင်ရန်အတွက် ကျွန်တော်ပြန်တင်ပြချင်ပါတယ်။ ဦးဝင်းနိုင်တင်ပြတဲ့နေရာမှာ ဒီစီမံကိန်းကို ၁၉၆၇-၁၉၆၈ ကစတဲ့ ၁၉၈၈ ခုနှစ်မှာ ရပ်ဆိုင်းခဲ့တယ်ဆိုတော့ စပြီးတော့ဆောင်ရွက်တဲ့ကာလ ၁၉၆၇ ခုနှစ်ဆိုတော့ ဟိုဘက်က ၃၃ နှစ်၊ ဒီဘက်က ၁၄ နှစ်၊ ၄၄ နှစ်ရှိခဲ့ပြီပေါ့။ ဒါပေမယ့် ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်ဆိုတော့ မနှစ်က ဘဏ္ဍာငွေခွင့်ပြုချက်နဲ့ ၁.၅၇၆ ဘီလီယံနဲ့ လုပ်ငန်းတွေလုပ်ခဲ့တယ်။ လုပ်ခဲ့တဲ့အခါမှာ ၂၇.၂၃ ရာခိုင်နှုန်းသာပြီးတယ်။ ဒါကြောင့်မို့လို့ ၂၀၁၅ ခုနှစ် အပြီးသတ်လျာထားသော်လည်း အခုတိုင်းဆိုလို့ရှိရင်တော့ မပြီးနိုင်ဘူးဆိုတဲ့သဘောဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်လွှတ်တော်ကို တင်ပြချင်တာက

ဆက်ပြီးတော့ ပေါက်နက်ချောင်းရေပေးမြောင်းအရှည် ၇ မိုင်ခန့်ရှိပြီး ချောင်းများတွင် အကျယ်ပေ ၃၀၀ ခန့် ချောင်းအလယ်ပိုင်း စီမော်၊ စီမူလေး၊ နမ့်လန်ရွာများတွင် ချောင်းမြောင်းအကျယ် ငါးပေ၊ ခြောက်ပေခန့်သာရှိပါတယ်။ ချောင်းအောက်ပိုင်းဖြစ်သော ဝင်ဝရွာ၊ လက်နက်ကြီးရွာတို့တွင် ချောင်းအကျယ် နှစ်ပေ၊ သုံးပေသာရှိသဖြင့် တောင်ကျရေများကျလာချိန်တွင် လယ်များကန်သင်းကျိုးပြီး သဲနုန်းများလွှမ်းမိုး ပျက်စီးလေ့ရှိပါတယ်။ ချောင်းအနက်မှာ တချို့နေရာတွင် ငါးပေ၊ ခြောက်ပေခန့်ရှိပြီး တချို့နေရာ၌ တစ်ပေ၊ နှစ်ပေခန့်သာရှိပါတယ်။ စက်ယန္တရားများဖြင့် ချောင်းရိုးတစ်လျှောက် ရေစီးလာမှု၊ မြောင်းတစ်လျှောက် တူးဖော်ပေးမှုမှသာလျှင် အဓိပ္ပာယ်ကတော့ ချောင်းရိုးတစ်လျှောက် ရေစီးရေလာကောင်းဖို့ကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါမှသာ လယ်ယာစိုက်ပျိုးရေးအတွက် အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ မေလ ၁၂ ရက်နှင့်၂၁ ရက်နေ့တွင် စီသာတိုက်နယ်ရှိ မဲဆန္ဒရှင်ပြည်သူများ တောင်သူများနှင့် တွေ့ဆုံပွဲပြုလုပ်ခဲ့ရာ ပေါက်နက်ချောင်းမြောင်းတူးဖော်ရေးလုပ်ငန်းကိုသာ တစ်စိုက်မတ်မတ် တင်ပြတောင်းဆိုလာပါတယ်၊ ဆိုတော့ ပြည်သူရဲ့တောင်းဆိုချက်က ဆည်ကြီးပြီးဖို့ထက် လက်ရှိမြောင်းကြီး ကောနေတယ်။ ဒါကိုတူးပေးပါဆိုတဲ့သဘောဖြစ်ပါတယ်။

အဲဒီတော့ ဒီမှာဖော်ပြထားတာလည်း လွန်ခဲ့တဲ့နှစ်ပေါင်း ၄၇ ခုနှစ်ကစပြီး တိုင်းတာတွက်ချက်တဲ့စီမံကိန်းဟာ ဒီနေ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ တုန်းက အနေအထားမျိုးကော ဒီတမံကြီးပြီးစီးတဲ့အခါမှာ အကျိုးပြုဦးမှာလားဆိုတာ တစ်ဖက်က ပြန်သုံးသပ်ရမှာဖြစ်ပါတယ်။ ဒီနေ့တော့ လတ်တလော လယ်သမားတွေလိုအပ်ချက်ကတော့ ခုနက ၇ မိုင်ခန့်ရှည်တဲ့ချောင်းကိုတူးပေးရင် စိုက်ပျိုးရေးအတွက် အဆင်ပြေမယ်ဆိုတဲ့ သဘောဖြစ်တဲ့အတွက် ဒီနေ့ အဲဒီဒေသမှာရှိတဲ့ လယ်သမားများအတွက် ဦးစားပေးလိုချင်တဲ့ လုပ်ငန်းတစ်ခုဖြစ်မှာပါ။ ဒါကြောင့်မို့လို့ အဆိုထဲမှာပါတဲ့အတိုင်းပဲ ဒီ ၇ မိုင်ခန့် တူးမယ်ဆိုလို့ရှိရင်လည်း ဖြစ်နိုင်ပါတယ်။ အချိန်ကလည်း သိပ်ပြီးတော့ ပေးစရာမလိုပါဘူး။ ကျွန်တော်တို့ ပြီးခဲ့တဲ့ကာလ ပဲခူးတူးမြောင်းမှာ ဒီထက် အင်အားကြီးမားတဲ့နေရာတောင် တူးပေးနိုင်မယ့်အနေအထားရှိပါတယ်။ စက်ယန္တရားနဲ့လုပ်မယ်ဆိုရင် ခုနက ဒုတိယဝန်ကြီးဆွေးနွေးသွားတဲ့ ပေ ၁၀၀၀၀ လို့ပြောတဲ့အတွက် ၂ မိုင်ပဲရှိပါတယ်။ လိုတာ ၇ မိုင်ဖြစ်တဲ့အတွက် ပေ ၁၀၀၀၀ အစား ၃၅၀၀၀ ပေါ့။ ဒီလောက်တူးပေးဖို့၊ တူးပေးမယ်ဆိုရင် ဒီနေ့ အခက်အခဲဖြစ်ပေါ်နေတဲ့ ဒီဒေသ လယ်သမားတွေအတွက် အဆင်ပြေနိုင်ပါတယ်။

ဒါကြောင့်မို့လို့ အပိုင်းနှစ်ပိုင်း ကျွန်တော်တင်ပြချင်ပါတယ်။ တစ်ပိုင်းကတော့ တကယ် လယ်သမားတွေလိုအပ်နေတဲ့ ရေရရှိရေး တစ်ခါတစ်ခါကျတဲ့အခါကျတော့ တောင်ကျရေကျလို့

လယ်တွေပျက်စီးတဲ့ကိစ္စတွေ အမြန်ဆုံးတူးဖော်ပေးမယ်ဆိုရင် ဒေသအတွက်ကော၊ လယ်သမားများအတွက်ကော အကျိုးရှိမှာဖြစ်တယ်။ ဒါကိုဦးစားပေးဆောင်ရွက်သင့်ပါတယ်။ ဒါကြောင့်မို့လို့ ငွေရေးကြေးရေးနှင့်လိုမယ်ဆိုလို့ရှိရင်လည်း တိုင်းဒေသကြီးနှင့်ဆိုင်ရင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ဆိုင်ရင် ပြည်နယ်မှာ ကျွန်တော်တို့ ပြည်ထောင်စုဆိုရင်လည်း ပြည်ထောင်စုဘက်က ဒါစဉ်းစားပေးဖို့လည်း ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြချင်ပါတယ်။ အဲဒီနည်းတူပဲ စီမံကိန်းတွေ၊ လုပ်ငန်းတွေတင်လာတဲ့အခါမှာ ကျွန်တော်တို့တာဝန်ရှိတဲ့ လွှတ်တော်ကော်မတီများအနေနဲ့လည်း ဒီစီမံကိန်းဟာ ကျွန်တော်တို့ပြောခဲ့ပါတယ်။ တကယ်လိုအပ်သလား။ မလိုအပ်ဘူးလား။ လိုအပ်တာချင်း အတူတူဆိုရင် ဘယ်စီမံကိန်းကအရေးကြီးလဲစသဖြင့် ဒါမျိုးတွေ အမှန်တကယ် လွှတ်တော်ထဲမှာ သေချာဆွေးနွေးညှိနှိုင်းဖို့လိုပါလိမ့်မယ်။ အခုကြည့်လိုက်တဲ့အခါမှာ ခုနက တစ်ဖက်က ပြည်သူတွေရဲ့လိုအပ်ချက်က ဒီစီမံကိန်းကြီး ပြီးမြောက်ဖို့ထက် လောလောဆယ် သူတို့အခက်အခဲတွေ ဖြေရှင်းပေးနိုင်ဖို့ဆိုတာတွေပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာတွေ လွှမ်းခြုံပြီးစဉ်းစားနိုင်အောင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ လွှမ်းခြုံစဉ်းစားနိုင်အောင်၊ သက်ဆိုင်ရာအဆိုရှင်လည်း လွှမ်းခြုံစဉ်းစားနိုင်အောင် ကျွန်တော်အခုလို ကြားဖြတ်တင်ပြခြင်းဖြစ်ပါတယ်။ ဒီနေ့ အဆိုရှင်ရဲ့အဆိုကိုတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ၂၀၁၅ ခုနှစ်မှာတော့ ဒီစီမံကိန်းပြီးအောင် လုပ်ပေးနိုင်စွမ်းမရှိဘူး။ တကယ်လို့ ဘဏ္ဍာငွေခွင့်ပြုမယ်ဆိုရင်တောင် ဘယ်နှစ်ကြာမှပြီးမယ်။ သို့ရာတွင် ကောနေတဲ့ချောင်းတွေတူးဖို့ကတော့ ဖြစ်နိုင်အောင်လုပ်ပေးမယ်။ ဒါကို လွှတ်တော်က မှတ်တမ်းတင်ထားရှိပါလို့ ဒီလိုတင်ပြတယ်လို့ပဲ သဘောပေါက်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်အနေနဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ ဖြေကြားချက်အပေါ် အဆိုရှင်သဘောထား ပြန်လည်ပြောကြားပေးဖို့ဖြစ်ပါတယ်။ ဦးဝင်းနိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းနိုင်(ရွှေကူမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့တော့ ဒီဆည် အပြီးလုပ်ပေးရင်တော့ ပိုပြီးမှ ကောင်းမယ်။ သို့သော်လည်း မပြီးနိုင်ဘူးဆိုတာ ကျွန်တော်သိတဲ့အတွက်ကြောင့်မို့ တောင်သူတွေလိုနေတဲ့ ဒီရေပေးမြောင်းဆိုတဲ့ဟာတွေကို ကျွန်တော်တို့က စက်ယန္တရားနဲ့တူးပေးဖို့ဆိုတာကို ကျွန်တော်ကိုယ်တိုင်ကလည်း အဲ့ဒီမှာသွားပြီးမှ အဲ့ဒီက ရွာမှာရှိတဲ့ကျေးရွာအုပ်စု၊ တိုက်နယ်မှာရှိနေတဲ့ ကျေးရွာတိုင်းကျေးရွာတိုင်းကို ခေါင်းဆောင်တွေကိုခေါ်ပြီးမှ အစည်းအဝေးလုပ်တဲ့အခါမှာ သူတို့ကနေမှ ကျွန်တော်တို့ကို တင်ပြလာတာ။ အဲ့ဒီတော့ လိုတယ်ဆိုတာ ကျွန်တော်တို့ သိတယ်။ ဘာကြောင့်လဲဆိုရင် ဒီဆည်စဆောက်ကတည်းက ကျွန်တော် အဲ့ဒီမှာ ကျောင်းဆရာလုပ်ခဲ့တာ။ ကျွန်တော် အဲ့ဒီက

မိန်းမနဲ့ယူခဲ့တာ။ ရှင်းရှင်းပြောရရင် ကျွန်တော့်သားသမီးတွေတောင်မှ အလုပ်ရကုန်ပြီ။ မြေးတွေတောင်ဖြစ်နေကုန်ပြီခင်ဗျ။ ဒီဆည်ကမပြီးသေးဘူး။ စဉ်းစားကြည့်တော့။ ဘယ်တော့မှ ပြီးမလဲ မပြောတတ်တော့ဘူး။ အဲ့ဒါကြောင့် ကျွန်တော်တို့က ဒီအချိန်ကျလာတော့ ကျွန်တော်တို့မှာ ပြောရမယ့်တာဝန်ရှိလာလို့ ကျွန်တော်ကပြောရတာဖြစ်တယ်။ အဲ့ဒါကြောင့်မို့လို့ ပြည်သူတွေရဲ့မျက်နှာ၊ တောင်သူတွေရဲ့မျက်နှာကိုတော့ ကြည့်ပေးသင့်ပါတယ်လို့။ ဒါကြောင့်မို့လို့ မပြီးသည့်တိုင်တောင်မှ အဲ့ဒီမြောင်းလေးကိုတော့ ဖော်ပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ဆုံးဖြတ်ပါတယ်။ တင်ပြပါတယ်။ ဥက္ကဋ္ဌကြီးပြောတဲ့အတိုင်းပဲ ကျွန်တော်တို့က ဖြစ်စေချင်တယ်။ ဒါပါပဲ။ ကျွန်တော့်အနေနဲ့။

**ဥက္ကဋ္ဌ။** ။ ဦးဝင်းနိုင် ၄၇ နှစ်ပဲရှိသေးတယ်ဗျ။ ဒါပေမယ့် ကြွားလိုက်တာ အဲ့ဒီက မိန်းမနဲ့ရတယ်။ ဟုတ်လား။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဝန်ကြီးဌာနက တင်ပြသလိုပဲ။ ကျွန်တော်တို့ဘက်ကတော့ ခုနက ဒီလိုမှတ်ယူလိုက်ပါမယ်။ ပေ ၁၀၀၀၀ အစားပေါ့လေ။ ၂ မိုင်အစား ၇ မိုင်ပြီးစီးရေးအတွက် ဆောင်ရွက်ပေးမယ်ဆိုတာကို ဦးဝင်းနိုင်တို့ဘက်ကလည်း လိုလားတယ်။ လက်ခံတယ်။ ကျွန်တော်တို့ကလည်း အဲ့ဒီ ၇ မိုင်တူးပေးဖို့အတွက် လိုအပ်မယ့် ဘဏ္ဍာငွေများအတွက်လည်း ပေးနိုင်အောင် ကျွန်တော်တို့ဘက်က စီစဉ်ပေးပါမယ်။ ဒါကြောင့်မို့လို့ ဦးဝင်းနိုင်တင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီးတော့ အတိုချုပ်ပဲပြောမယ်ဆိုရင် မှတ်တမ်းတင်ထားရှိသွားပြီးတော့ ဒီမှတ်တမ်းအတိုင်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းနိုင်တင်သွင်းသွားတဲ့အဆိုကို သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်း ရယူမှာဖြစ်ပါတယ်။ ဦးဝင်းနိုင်တင်သွင်းသွားတဲ့ အဆိုကို လွှတ်တော်မှမှတ်တမ်းတင်ထားရှိပြီး စောင့်ကြည့်ဆောင်ရွက်သွားမည်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိ စောင့်ကြည့်မှာဖြစ်ကြောင်းကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ၁၈-၆-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၂၄-၆-၂၀၁၄ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ၎င်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၃၀-၆-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများအလိုက် အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ယင်းဥပဒေကြမ်းကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ အမည်စာရင်းပေးပို့ရန်ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ၂၆-၆-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၀-၇-၂၀၁၄ (ကြာသပတေးနေ့)နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန် ဖြစ်ကြောင်း အသိပေးပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၇-၇-၂၀၁၄ (တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**